မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၉၇)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ကျန်းမာရေးနှင့်ဆိုင်သည့်ကိစ္စအားလုံးသည် ကြိုတင်ကာကွယ်ခြင်းက ပိုပြီးထိရောက်

သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဌာနအသီးသီးက အသိပညာပေးခြင်းများ ရှေ့ကပြေးရန်လို

နေပြည်တော် ဇူလိုင် ၂၇

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၀) တက်ရောက်ကြသည်။

မေးခွန်းမေးမြန်းဖြေကြားခြင်းကဏ္ဍ ၌ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **HIV ရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ကူးစက်ခံရသည့် ဝန်ထမ်းများနှင့် ပတ်သက်သည့်** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဖြေကြားရာတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနသည် အလုပ်သမားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ဥပဒေပါရပိုင်ခွင့်များ ပြည့်ပြည့်ဝဝနှင့် မှန်ကန်စွာရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးရေး စသည့် အဓိကလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းခွင် မတော်တဆ *စာမျက်နှာ ၆ ကော်လံ ၁* ❍

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အခြေခံပညာကျောင်းများ၏ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ

နိုင်ငံတော်နှင့် မိဘများပူးပေါင်း၍ စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် နှစ်စဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၏ **“နိုင်ငံတော်ပိုင် အဆောက်အအုံများ ထုခွဲရောင်းချမှု၊ ကျန်ရှိနေမှု၊ ဝန်ကြီးဌာနအလိုက် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးမှုအခြေအနေတို့နှင့် ပတ်သက်၍ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှု၊ ရရန်ကျန်ရှိနေမှုနှင့် ရရန်ကျန်ရှိနေမှုများအပေါ် အရေးယူဆောင်ရွက်ထားမှုအခြေအနေတို့ကို သိရှိလိုခြင်း”** နှင့် **“၂၀၁၁ ခုနှစ်မှစ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခဲ့သော မော်တော်ယာဉ်များအပေါ် ထုခွဲရောင်းချမှု၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေရရှိမှုတို့နှင့် မော်တော်ယာဉ်လက်ကျန်အခြေအနေတို့ကို သိရှိလိုခြင်း”** မေးခွန်းများနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ယခုအစိုးရလက်ထက်တွင် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများကို ထုခွဲရောင်းချမှုတစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ခြင်း မရှိပါကြောင်း။ *စာမျက်နှာ ၇ ကော်လံ ၁* ❒

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားသို့ သစ်သီးဝလံတင်ပို့မှု ယမန်နှစ်ကထက် စံချိန်တင်ကျော်လွန်နိုင်

သတင်းနှင့် ဓာတ်ပုံ ကိုကြီးတင်

ရန်ကုန် ဇူလိုင် ၂၇

နိုင်ငံခြားသို့ သစ်သီးဝလံတင်ပို့ရောင်းချနိုင်မှုမှာ ယခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ သန်း ရရှိထားပြီးဖြစ်၍ ယခင်နှစ် အလားတူလများနှင့် ချိန်ထိုးကြည့်ပါက ပို၍များပြားခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းအရ သိရှိရသည်။

ယခင်နှစ်က ဖရဲသီး၊ သရက်သီး၊ ဆီးသီး၊ သခွားသီးတင်ပို့မှုမှာ တစ်နှစ်လုံးအတွက် အမေရိကန်ဒေါ်လာ ၉၈ သန်းနီးပါးသာ ***စာမျက်နှာ ၄ ကော်လံ ၁*** ●

28-7 (01).pmd 1 7/28/2012, 2:51 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၂၈ ရက်)

မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာလာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၏ဖိတ်ကြားချက်အရ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပေသည်။ ဤခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ဆွေးနွေးမှု၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ကတိကဝတ်များပြုမှုတို့ကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဆက်ဆံရေးသည် ပိုမိုခိုင်မာနက်ရှိုင်းလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ဆွေးနွေးခဲ့ကြသည့်အချက်များအနက် ထားဝယ်ရေနက် ဆိပ်ကမ်း အလျင်အမြန်အကောင်အထည်ဖော်ရေးကိစ္စနှင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ် သမားကိစ္စတို့မှာ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်များစွာ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ခြင်းကြောင့် ကျေနပ်နှစ်ထောင်းအားရဖွယ် ကောင်းလှပါသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာနိုင်ငံ တနင်္သာရီဒေသကို ဗဟိုပြုလျက်ရှိရာ တနင်္သာရီဒေသအဓိကထွက်ကုန်များဖြစ်သည့် ရေထွက်ပစ္စည်းအမျိုးမျိုး တင်ပို့နိုင်မည့် ဆိပ်ကမ်းကောင်းတစ်ခုပင်ဖြစ်၏။ ဤထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံ အရှေ့ပိုင်း ပင်လယ်ရှိ လန်ချာဘန်းဆိပ်ကမ်းတို့အကြား ဆက်သွယ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပေသည်။

ထို့ပြင် ဤခရီးစဉ်အတွင်း မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စီမံကိန်း ဆက်စပ်နယ်မြေများတွင် ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း ချုပ်ဆိုနိုင်ခဲ့ပြီ ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်း အလျင်အမြန်အကောင်အထည်ဖော်ပြီးပါက နှစ်နိုင်ငံ၏ ကုန်သွယ်မှု သည်လည်း တစ်မုဟုတ်ချင်း တိုးတက်လာမည်ဖြစ်ပါသည်။

အလားတူ နိုင်ငံတော်သမ္မတကြီး၏ ဤချစ်ကြည်ရေးခရီးစဉ်အတွင်း ထိုင်းနိုင်ငံရောက် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအတွက် များစွာအကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းစေခဲ့ပါသည်။ သက်ဆိုင် ရာသတင်းထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်သန်းခန့်ရှိကြောင်း သိရသည်။ သက်တမ်းကုန်ဆုံးတော့မည့် မြန်မာအလုပ်သမားများကိုလည်း ယခုနှစ် ဒီဇင်ဘာလအထိ ထပ်မံ သက်တမ်း တိုးပေးမည်ဖြစ်ကြောင်း ကြားသိရသည်။ ထိုင်းနိုင်ငံတွင် တရားဝင် မြန်မာအလုပ်သမားများရှိသကဲ့သို့ အထောက်အထားမဲ့ မြန်မာအလုပ်သမားများလည်းရှိရာ ယင်းအလုပ်သမားများ အခက်အခဲ မရှိစေရေးအတွက် ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး ခြောက်ရုံးနှင့် နယ်စပ်ရှိ စခန်းသုံးခုတွင် မြန်မာအလုပ် သမားများအား နေထိုင်ခွင့်သက်တမ်းထုတ်ပေးရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်မှာလည်း မြန်မာ အလုပ်သမားများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။အထူးသဖြင့် ထိုင်းဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်က ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံသားများနည်းတူ လုပ်ခများ အပြည့်အဝရရှိရန် မိမိအနေဖြင့် တာဝန်ယူကြောင်း ကတိကဝတ်ပြု ပြောဆိုလိုက်သည်မှာ လွန်စွာ နှစ်ထောင်းအားရဖွယ် ကောင်းလှပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဆက်ဆံရေးသည် မည်သည့်ခေတ်ကမျှနှင့်မတူအောင် ပိုမိုခိုင်မာနက်ရှိုင်းလာသည်ကို အထက်ဖော်ပြပါအချက်များက သက်သေပြနေပြီဖြစ်ပါသည်။ နိုင်ငံတော် သမ္မတကြီး၏ ခရီးစဉ်အတွင်း နယ်စပ်ဂိတ်များတိုးချဲ့ဖွင့်လှစ်ရေးကိစ္စအပါအဝင် အခြားအခြားသော အပြန် အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးမှုများလည်းပါရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံ တို့၏ နဂိုရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်လျက် ပိုမိုခိုင်မာနက်ရှိုင်းသည့် ဆက်ဆံရေးခေတ်သို့ ရောက်ရှိ လာနေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

လာမည့်ဆီးဂိမ်းတွင် အင်ဒိုနီးရှားလက်ဝှေ့ မြန်မာပါဝင်ယှဉ်ပြိုင်မည်

ခင်ရတနာ

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အင်ဒိုနီးရှားလက်ဝှေ့ပြိုင်ပွဲ၌ မြန်မာအသင်း ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားရန် စီစဉ် ထားကြောင်း သိရှိရသည်။

"အင်ဒိုနီးရှားလက်ဝှေ့ပြိုင်ပွဲကို ပြီးခဲ့တဲ့ (၂၆)ကြိမ်မြောက် ဆီးဂိမ်းမှာ တုန်းက သရုပ်ပြပြိုင်ပွဲကို ဝင်ပြိုင်တာ ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ အခုလာမယ့် ဆီးဂိမ်းကျရင်တော့ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်။ လက်ရှိ မှာတော့ လေ့ကျင့်ရေးတွေ ပြုလုပ်နေပါပြီ" ဟု အားကစားနှင့် ကာယပညာ သိပ္ပံဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

အဆိုပါ အားကစားနည်းမှာ အာရှအတွင်းရှိ နိုင်ငံအလိုက် ကစားနည်း များဖြစ်ကြသော ဂျူဒို၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒို၊ ဝူရှူးစသည့် ကစားနည်း များကို ပေါင်းစပ်ထားသကဲ့သို့သော ကိုယ်ခံပညာကစားနည်းတစ်မျိုးဖြစ်ကာ မြန်မာအားကစားသမားများအနေနှင့် လာမည့်ဆီးဂိမ်းတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

"လက်ရှိကတော့ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် လက်အောက်မှာ ထားရှိပြီး လေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်။ အား/ကာ အနေနဲ့လည်း ယခု ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာစပြီး အင်ဒိုနီးရှားလက်ဝှေ့ကို ဘာသာရပ်တစ်ခု အနေနဲ့ တိုးချဲ့ထားပါတယ်။ ပြီးခဲ့တဲ့ ဆီးဂိမ်းမတိုင်ခင်က အင်ဒိုနီးရှားနိုင်ငံမှ အင်ဒိုလက်ဝှေ့အဖွဲ့ချုပ်ကနေခေါ်ယူပြီး မြန်မာအားကစားသမား ၁၀ ဦးကို လေ့ကျင့်ပေးခဲ့ပါတယ်။ ဂျူဒိုနဲ့ ကရာတေး ကစားသမား ၁၀ ဦးပါဝင်တဲ့ အဲဒီအဖွဲ့ကနေပြီး အကြိုဆီးဂိမ်းပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တာ ငွေတံဆိပ်ရခဲ့ပြီး ဆီးဂိမ်းသရုပ်ပြပွဲမှာတော့ ရွှေတံဆိပ်အထိ ဆွတ်ခူးနိုင်ခဲ့တယ်" ဟု အဆိုပါ တာဝန် ရှိသူက စတင်ယှဉ်ပြိုင်ဖြစ်ပုံကို ပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

လောင်းလုံး ဇူလိုင် ၂၇

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၃) စီမံချက်အရ ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကြက်ယက်တွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပ သည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်လေးတင်က လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ်လဝက)**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဖွဲ့စည်းမည်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းက ကြီးမှူးကာ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ IT လုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်း ဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း ကို ဩဂုတ် ၅ရက်တွင် ပဲခူးမြို့၌ ဖွဲ့စည်း မည်ဖြစ်ရာ အသင်းအလုပ်အမှုဆောင် အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် ကွန် ပျူတာလုပ်ငန်းရှင်များ၊ITလုပ်ငန်းလုပ်ကိုင် သူများ၊အသင်းဝင်လိုသူများသည် ဩဂုတ် ၁ ရက်မတိုင်မီ အသင်းဖြစ်မြောက်ရေး ကော်မတီသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ကြောင်းသိရှိရသည်။ (၁၆၈)

ဝါးခယ်မမြို့နယ် သမအစည်းအဝေးကျင်းပ

ဝါးခယ်မ ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ် စုပြည့်ဖြိုးစျေးသမဝါယမအသင်း လီမိတက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အသင်းအရပ်ရပ်ဆိုင်ရာ အစည်း အဝေးကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီ က မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပ ရာ သဘာပတိ စုပြည့်ဖြိုးစျေးသမဝါယမ အသင်းဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းတို့က အမှာစကားပြောကြားကြသည်။ထို့နောက် စုပြည့်ဖြိုးစျေး သမဝါယမအသင်းလီမိ တက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာကို အဖွဲ့ဝင်များက ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အသင်းသားများအား စုဆောင်းငွေများကို ပြန်လည်ထုတ်ပေး ခဲ့ကြောင်း သိရှိရသည်။ (၁၇၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၁၂ (စနေနေ့)

၅း၄၀	**ပရဟိတမှသည် ပါရာဟိတဆီသို့ တရားတော်** (ဆရာတော်ဓမ္မဓရ အရှင်ကုမာရ)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၄၅	Golden Minute
၁၂း၄၅	တောင်သူဝင်ငွေတိုးဖို့ ပံပတ္တမြားပြောင်းစိုက်ကြစို့
၃း၀၅	ဗီဒီယိုပြခန်း
၆း၁၅	ဈေးဝယ်လမ်းညွှန် (KASIBO Household Items Hall)
၁၁း၄၅	မယုံနိုင်စရာတကယ့်ကမ္ဘာ
၈း၀၀	MRTV-4 သတင်း
၁၀း၂၀	London Olympics Football Match (Women) (GBR Vs CMR) (Live)
၁၂း၃၅	London Olympics Opening Ceremony Highlights
၁း၂၅	London Olympics Gymnastics (Live)
၃း၅၅	London Olympics Handball Match (Delay)

ဧရာဝတီမြစ် ရေနက်စီးကြောင်း ပြောင်းလဲ စဉ့်ကူးနှင့်မတ္တရာမြို့နယ် ကျေးရွာများ ရေတိုက်စား

နေပြည်တော် ဇူလိုင် ၂၇

ဧရာဝတီမြစ် ရေနက်စီးကြောင်း ပြောင်းလဲစီးဆင်းမှုကြောင့် မန္တလေးတိုင်း ဒေသကြီး စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်များတွင် ရေတိုက်စားမှုများဖြစ်ပေါ်လျက်ရှိ ရာ စဉ့်ကူးမြို့နယ် စားကျက်ကျေးရွာတွင် အိမ်ခြေ ၁၅ လုံး၊ ဟင်္သာမရွာတွင် အိမ်ခြေ ၉၈ လုံး၊ မတ္တရာမြို့နယ် နန်းတော်ကုန်းရွာတွင် အိမ်ခြေသုံးလုံး၊ ကုန်းတန်းလေးရွာတွင် အိမ်ခြေခုနစ်လုံး၊ သဖန်းဒေါင့်ရွာတွင် အိမ်ခြေနှစ်လုံး၊ သုံးဆယ်ပေးရွာတွင် ပေ ၄၀၀ ခန့် ရေတိုက်စားခံရ၍ ကမ်းပါးသည် ရွာခြေအထိ ရောက်ရှိနေသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဧရာဝတီမြစ်ရေတိုက်စားခံရ သော ကျေးရွာများမှ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး၊ နေအိမ်ပြောင်းရွှေ့ ရသော မိသားစုများအား ထောက်ပံ့ရေး၊ ရေနက်စီးကြောင်း ကာကွယ်ရေးလုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **သီဟကိုကို (မန္တလေး)**

အမှာစကားပြောကြား

ဧရာဝတီတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးကို ဇူလိုင် ၂၄ ရက်က တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဦးစန်းမောင် အမှာ စကားပြောကြားစဉ်။ (မြန်မာ့အလင်း)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ဇလွန်မြို့ ဂေါက်ကွင်း အတွင်း၌ကျင်းပရာ ဇလွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းစန်းဝင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများက ကျွန်းပင်၊ ယူကလစ်ပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (၀၇၅)

သီးနှံအထွက်တိုး မြေဩဇာထုတ်လုပ်ဖြန့်ဖြူးရေးဆွေးနွေး

မြင်းခြံ ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အတွင်း မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်မြို့နယ် များမှ ဒေသတွင်း မြေဩဇာထုတ်လုပ်သူ များနှင့် မြေဩဇာ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသူများအား စိုက်ပျိုးရေး ဦးစီးဌာနမှ ဗဟိုအဆင့်မြင့် မြေဩဇာ စစ်ဆေးရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးမြေ အသုံးချရေးတာဝန်ခံ၊ ခရိုင်ဦးစီးအရာရှိ နှင့် မြို့နယ်ဦးစီးအရာရှိတို့ ပါဝင်သော အဖွဲ့သည် ဇူလိုင် ၁၄ ရက်က မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌တွေ့ဆုံ၍ မြေဩဇာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ သီးနှံအထွက်တိုးရေးအတွက် စံချိန် စံညွှန်းမှန်ကန်၍ အရည်အသွေးပြည့်ဝ သော မြေဩဇာများကိုသာ ထုတ်လုပ် ဖြန့်ဖြူးရောင်းချ၍ တောင်သူအကျိုး စီးပွားကို နစ်နာဆုံးရှုံးမှု မရှိစေရေး အတွက် ဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ ကြကြောင်း သိရှိရသည်။ (၄၃၇)

ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ကော့သောင်းမြို့၌ ထောက်ပံ့ငွေပေးအပ်

ကော့သောင်း ဇူလိုင် ၂၇

ကော့သောင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကျောင်းများသို့ ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာများ၊ ပညာသင်ထောက် ပံ့ငွေများ ပေးအပ်လှူဒါန်းသည့် အခမ်း အနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီ က ကော့သောင်းမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှိ ဟံသာဝတီခန်းမ ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက အမှာစကား ပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကော့သောင်းမြို့ရှိ ကျောင်း ၁၈ ကျောင်း နှင့် မြို့နယ်၊ မြို့နယ်ခွဲများရှိ ကျောင်းများ အတွက် ကျား၊ မ ကျောင်းဝတ်စုံ ၂၂၅ စုံ၊ ဗလာစာအုပ် ၁၃၅ ဒါဇင်၊ စာရေး ကိရိယာများနှင့် ၂၀၁၂-၂၀၁၃ ပညာသင် နှစ်အတွင်း ပညာသင်ကြားနေသော ချို့တဲ့ ကျောင်းသား ကျောင်းသူများ အတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

◆ ကျောဖုံးမှ

နိုင်ငံရေးပါတီများ၏ ပါဝင်ဆွေးနွေး သုံးသပ်အကြံပြုချက်များကို မလွဲမသွေ ထည့်သွင်းစဉ်းစားရန်လိုအပ်မည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီမိတ်ဆွေ (၁၀)ပါတီက ပေးပို့လာသော"ရွေးကောက်ပွဲစနစ်ပြုပြင်ရေးသဘောထားအကြံပြုချက်" စာတမ်းအပေါ် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးသုံးသပ်ရန် ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတကာ၏ ရွေးကောက်ပွဲစနစ်များကို လက်လှမ်းမီသမျှလေ့လာကြည့်သည့်အခါ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြသည်များကို တွေ့ရှိရကြောင်း၊ အခြေခံအားဖြင့် First Past the Post (FPTP) ဟု လူသိများသည့် Plurality-Majority System (သို့မဟုတ်) Majority Election System ၊ Proportional Representation System (PR System) ဟု လူသိများသည့် အချိုးကျကိုယ်စားပြုစနစ်နှင့် Mixed Member Proportional Voting (MMP) ဟု လူသိများသည့် Semi-Proportional System တစ်စိတ်တစ်ပိုင်းအချိုးကျကိုယ်စားပြုစနစ်ဟူသည့် အုပ်စုသုံးစု တွေ့မြင်နိုင်ကြောင်း၊ ရွေးကောက်တင်မြှောက်ပုံ စနစ်များ၏ အခြေခံသဘောတရားကိုလေ့လာကြည့်သည့်အခါတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီစွာကျင့်သုံးရန် မလွယ်ကူကြောင်း၊ ရွေးကောက်တင်မြှောက်ပုံစနစ်ရွေးချယ်သတ်မှတ်ခြင်းသည် မည်သည့်ဒီမိုကရေစီနိုင်ငံအတွက်မဆို လူ့အဖွဲ့အစည်းဆိုင်ရာဆုံးဖြတ်ချက်များအနက် အရေးကြီးသည့် ရွေးချယ်ဆုံးဖြတ်မှုဖြစ်ပါကြောင်း၊ ရွေးကောက်တင်မြှောက်ပုံစနစ်ရွေးချယ်မှုသည် နိုင်ငံ၏အနာဂတ်နိုင်ငံရေးဘဝအပေါ်တွင် အလွန်လေးနက်သည့် အကျိုးသက်ရောက်မှုရှိကြောင်းလည်း တွေ့မြင်ရကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးက ကျင့်သုံးနေသော ရွေးကောက်တင်မြှောက်ပုံစနစ်အသီးသီးသည် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် လူမှုနိုင်ငံရေးဆိုင်ရာအခြေအနေများအပေါ်တွင် များစွာမှီတင်းနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ရွေးကောက်တင်မြှောက်ပုံစနစ်၏ အကျိုးဆက်များသည် ထိုနိုင်ငံရှိ လူ့အဖွဲ့အစည်းတစ်ရပ်၏ သဘောတရားရေး၊ ဘာသာရေး၊ လူမျိုးစုအရေး၊ လူမျိုးရေး၊ ဘာသာစကား၊ အဆင့်အတန်းခွဲခြားမှုအရ မည်သို့တည်ဆောက်ထားသည်ဆိုသော အခြေခံအကြောင်းတရားများအပေါ် မှီတင်းနေသည်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းဆဲ ဒီမိုကရေစီနိုင်ငံတွင်ဖြစ်စေ၊ အသစ်ပေါ်ထွန်းလာသော ဒီမိုကရေစီနိုင်ငံတွင်ဖြစ်စေ၊ အခြေခိုင်ပြီးသည့် ဒီမိုကရေစီနိုင်ငံတွင်ဖြစ်စေ၊ ပါတီများအခြေခိုင်ပြီးသည့် နိုင်ငံတွင်ဖြစ်စေ၊ ပါတီများပီပြင်စွာ ရုပ်လုံးမပေါ်သေးသော နိုင်ငံတွင်ဖြစ်စေ၊ အရေးပါသည့်အတွက် အခြေအနေအရပ်ရပ်ကို အသေအချာလေ့လာဆွေးနွေးပြီးမှ ရွေးချယ်ဆုံးဖြတ်သင့်သည့်ကိစ္စဖြစ်ကြောင်း။

ထို့အပြင် ယခုနိုင်ငံရေးပါတီများက တင်ပြသည့် အကြံပြုချက်စာတမ်းတွင် သင့်လျော်ကြောင်း ထောက်ခံအကြံပြုထားသည့် Proportional Representation System (PR System) စနစ်သည် လက်ရှိနိုင်ငံတော်တွင် ကျင့်သုံးနေသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ Concept များနှင့် ကိုက်ညီမှု ရှိ/မရှိကိုလည်း ဝေဖန်ဆန်းစစ်ရန် လိုအပ်သည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ပြီး လေ့လာအကြံပြုပေးရန်ဖိတ်ခေါ်ထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့မှ အကောင်းဆုံး အကြံပြုချက်များပေးသွားမည်ဖြစ်ကြောင်း။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ အနာဂတ်အရေးအတွက် အရေးပါသည့် ရွေးကောက်တင်မြှောက်ပုံစနစ်နှင့်စပ်လျဉ်း၍ ယခုအစည်းအဝေးတွင် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းနှင့် အပြုသဘောဆွေးနွေးတင်ပြပေးကြရန် ဖိတ်ခေါ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခုတွေ့ဆုံဆွေးနွေးပွဲမှ ရရှိသည့် ရလဒ်အပေါ် အကောင်းဆုံးစဉ်းစားသုံးသပ်၍ လိုအပ်သလိုဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်အတည်ပြု ဥပဒေပြုပြီးသည့်အခါ ကော်မရှင်ကလိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၊ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ ပြည်ထောင်စုဒီမိုကရေစီပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရစီအင်အားစုပါတီနှင့် ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီတို့က ရွေးကောက်ပွဲပြုပြင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်တို့က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အကြံပြုတင်ပြချက်များအပေါ် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြား၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံအထက်လွှတ်တော် အမတ်ဟောင်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျပန်နိုင်ငံအထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာဟိဒဲအိုဝါတာနာဘေးနှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ချစ်ကြည်ရေးသံအမတ် မစ္စတာယိုးဟေးဆာဆာကာဝါတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဂျပန်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ်နှင့် မူဝါဒရေးရာသုတေသနကောင်စီ ခေတ္တဥက္ကဋ္ဌ မစ္စတာယိုရှိတိုစန်ဂိုကု၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာခါရှိဆိုက်တို၊ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်နှင့် အနောက်တောင်အာရှရေးရာဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာကုနီအိုအူမဲဒါတို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆန်စပါးစိုက် လယ်သမားများ စီးပွားရေးအရ စပါးဈေး တွက်ခြေကိုက်ရန်လို ဈေးကွက်စီးပွားရေးအရ တောင်သူများ တွက်ခြေကိုက်မှ စိုက်လိုအားတိုးမည်

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်သမ္မတကြီးက နိုင်ငံ၏ အဓိက သီးနှံအမယ်ဖြစ်သော ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ပြည်တွင်းဈေးကွက်ချည်းသာအားမကိုးဘဲ ပြည်ပဈေးကွက်အား ခိုင်မာအောင် ရှာဖွေဆောင်ရွက်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ကို တာဝန်ပေးအပ်ထားကြောင်း။

ပထမအဆင့်ရည်မှန်းချက်၌ လာမည့် (၂၀၁၂-၂၀၁၃)ခုနှစ်တွင် ဆန်တန်ချိန် တစ်သန်းမှ နှစ်သန်းအထိ တင်ပို့နိုင်ရန်၊ ဒုတိယအဆင့်ရည်မှန်းချက်အနေဖြင့် ယခုအစိုးရသက်တမ်းကာလတွင် တန်ချိန်သုံးသန်းအထိတင်ပို့ရန် ရည်မှန်းချက်တိကျစွာ ချမှတ်ထားရှိကြောင်း၊ အဆိုပါလမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆန်စပါးသီးနှံ ထုတ်လုပ်မှုတိုးတက်ရန် (Production) လုပ်ဆောင်ရမည်ဖြစ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတော်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆန်စပါးသီးနှံ ဈေးကွက်မြှင့်တင်နိုင်ရေးနှင့် ခေတ်မီအဆင့်မြင့် ဆာတာကေး (SATAKE) ဆန်စက်များထူထောင်ရေးရှေ့ပြေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နိုင်ငံတော်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆန်စပါးသီးနှံ ဈေးကွက်မြှင့်တင်နိုင်ရေးနှင့် ခေတ်မီအဆင့်မြင့် ဆာတာကေး (SATAKE) ဆန်စက်များထူထောင်ရေး ရှေ့ပြေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့လုပ်ဆောင်ရန် ဆန်စပါးစိုက်လယ်သမားများအတွက် စီးပွားရေးအရ စပါးဈေးတွက်ခြေကိုက်ရန် လိုအပ်ပြီး ဈေးကွက်စီးပွားရေးအရ တောင်သူများ တွက်ခြေကိုက်မှသာ စိုက်လိုအားတိုးတက်မည်ဖြစ်သဖြင့် ဈေးကွက်ခိုင်မာရန်၊ ဈေးနှုန်းသေချာရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခိုင်မာသော ဈေးကွက် (Sustainable Market) ရရှိရေးအတွက် ဆန်စပါးသီးနှံ၏ အရည်အသွေးကို မြင့်တက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိတင်ပို့မှုအများစုသည် ၂၅ မှတ် အဆင့် ဆန်များသာဖြစ်နေ၍ ကမ္ဘာ့ဈေးကွက်တွင် မရေရာမသေချာဖြစ်နေပြီး ဈေးနှုန်းမှာလည်း အနိမ့်ဆုံးဈေးနှုန်းဖြစ်နေကာ အခြေခံတောင်သူလယ်သမားများ စိုက်လိုအားကျဆင်းနေရခြင်းဖြစ်ကြောင်း၊ ဈေးကွက်ရရှိရန် အကျိုးအမြတ်ရရှိ၍ အရည်အသွေးကောင်းပြီး ထိုက်တန်သော ဈေးနှုန်းရရှိရေးအတွက် ခေတ်မီဆန်စက်များဖြင့် ကြိတ်ခွဲကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့အတွက် လိုအပ်သော အရည်အသွေးနှင့် အရေအတွက်ရရှိရန် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော စပါးများကို ကြိတ်ခွဲသည်မှ ထုပ်ပိုးသည့် လုပ်ငန်းအဆင့်ဆင့်လုပ်ဆောင်ရန် ခေတ်မီဆန်စက်ကြီးများ ထူထောင်ရန် အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် စံနမူနာပြ(Quality Control) Q.C ကောင်းမွန်သည့် စက်ရုံတစ်ခု-စ-လယ်-ဆုံး နေပြည်တော်ကောင်စီနယ်မြေတွင် ထူထောင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင်မှ ဒါရိုက်တာ ဆန်စပါးထုတ်လုပ်ရေးတာဝန်ခံ ဦးသိန်းတိုးက ဆွေးနွေးတင်ပြရာ၌ ဆန်စပါးဈေးကွက်ရလိုလျှင် ၂၅ မှတ် ဆန်ဖြင့် ကမ္ဘာ့ဈေးကွက်ထိုးဖောက်၍ မရတော့ဘဲ အရည်အသွေးမြင့်တင်မှသာ ဈေးကွက်ရရှိပြီး ဈေးနှုန်းကောင်းရရှိမည် ဖြစ်ကြောင်း၊ လက်ရှိဆန်စက်ဟောင်းများနေရာတွင် ခေတ်မီအဆင့်မြင့်ဆန်စက်များ အစားထိုးရန်လိုအပ်ပါကြောင်း၊ လက်တွေ့ဆောင်ရွက်ချက်အရ အဆင့်မြင့်ခေတ်မီ ဆာတာကေး (SATAKE) ဆန်စက်ပြောင်းလဲခြင်းကြောင့် ယခင်ဆန်စက်ထက် ၁၀ ရာခိုင်နှုန်းပိုထွက်ပြီး အကျိုးအမြတ်ခိုင်မာစွာရရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က အရည်အသွေးနှင့် အထွက်နှုန်းကောင်းရန် မျိုးပြောင်းလဲစိုက်ပျိုးရေး၊ လိုအပ်သောပမာဏ တင်ပို့နိုင်ရန် (Hybrid Seed)စိုက်ပျိုးရေးကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း စားသုံးမှုဈေးကွက်ထက် ပြည်ပ (Export) ဈေးကွက်သို့ တင်ပို့နိုင်မှသာ ဝင်ငွေတိုးတက်ရရှိမည်ဖြစ်၍ အရည်အသွေးမြင့်ဆန်များကို ခေတ်မီဆန်စက်များဖြင့် ကြိတ်ခွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူအသီးသီးက ခေတ်မီဆန်စက်များထူထောင်၍ အရည်အသွေးမြင့်ဆန်များ(Quality Rice)ထုတ်လုပ်ရေးကို စိတ်ပါဝင်စားစွာ ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေ၌ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် ယခုမိုးစပါးရာသီအချိန်တွင် တစ်နေ့တန် ၂၀၀ ကျ ဆန်စက်အား မဖြစ်မနေ အကောင်အထည်ဖော်ရန်၊ ဆန်စက်တည်ဆောက်ရေးလုပ်ငန်းအား ဒုတိယဝန်ကြီး ဦးအုန်းသန်းက တာဝန်ခံ၍ ဆည်မြောင်းဦးစီးဌာနမှ ဆာတာကေး (SATAKE) ဆန်စက်၏ တန်ဖိုးမှန်ပစ္စည်းမှန်ဖြစ်ရေးနှင့် အချိန်မီ ရောက်ရှိနိုင်ရေးအတွက် မျက်ခြည်မပြတ်အကောင်အထည်ဖော်ရန်၊ ဆန်စက်လုပ်ငန်းအား ပုဂ္ဂလိကလုပ်ငန်းရှင် ရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်အားထက်သန်လာရေးအတွက် နိုင်ငံပိုင် သတင်းစာနှင့် လယ်ယာစီးပွားဂျာနယ်တို့တွင် ပညာပေးဆောင်းပါးများ ရေးသားဖော်ပြရန်၊ လက်တွေ့အကျိုးကျေးဇူးရှိမှုကို ယခုမိုးစပါးရာသီ အချိန်မီ ခေတ်မီဆန်စက်ကြီးများ ထူထောင်လက်တွေ့ပြသရန်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် တောင်သူများ တွက်ခြေကိုက်ဈေးနှုန်းကောင်းရရှိရေးအတွက် ထိရောက်သောအခန်းကဏ္ဍမှ ပါဝင်ပံ့ပိုးပေးရန်၊ ယခုရှေ့ပြေးစီမံကိန်းသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးသီးနှံအား ပြည်ပဈေးကွက်မြှင့်တင်နိုင်ရေးနှင့် ဆာတာကေး ခေတ်မီဆန်စက်များ ထူထောင်နိုင်ရေး ရှေ့ပြေးလုပ်ငန်း အကောင်အထည်ဖော်ခြင်းနှင့် ပြည်ပဈေးကွက် ခိုင်မာစွာရရှိရေး အထူးဦးစားပေး ဆောင်ရွက်ရန်၊ မိမိအပါအဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အထူးအာရုံစိုက်ပြီး အမြန်ဆုံးအကောင်အထည်ဖော်ရေးကြိုးပမ်းသွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငှက်ပျောအူတိုင်အလယ်မှ ဖောက်ထွက်လာသော ငှက်ပျောသီးများ

မော်လမြိုင်ကျွန်း ဇူလိုင် ၂၇

ဖီးကြမ်းငှက်ပျောအူတိုင်အလယ်မှ ငှက်ပျောဖူးတစ်ဖူးနှင့် ဝဝတစ်တစ် ငှက်ပျောသီးလေးလုံးမှာ ထူးထူးခြားခြားပေါ်ထွက်လာသဖြင့် ဇူလိုင် ၂၇ရက်က မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်းရပ်ဗိုလ်ချုပ်ဈေး ဈေးစည်ကားချိန်တွင် ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်ဟု သိရှိရသည်။ **(ဝဲပုံ)**

ယင်းငှက်ပျောအူတိုင်မှာ အလျား ၃ပေ ၆ လက်မရှည်ပြီး လုံးပတ် ၆ လက်မရှိရာ မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့သာယာရပ်ကွက် စောလှဘော်လမ်းနေ ဦးလှစိုးနေအိမ်ငှက်ပျောခြံမှ ဇူလိုင် ၁၀ ရက်က မြို့မ(၁၀)ရပ်ကွက် ယမုံနာလမ်း အမှတ် (၁၀၃) ဘီတွင် နေထိုင်သော ဦးဟန်တင် ၅၂ နှစ်နှင့် ဒေါ်နော် ၃၈ နှစ်တို့က မုန့်ဟင်းခါးချက်ပြုတ်ရောင်းချရာတွင် ငှက်ပျောအူဖတ်သုံးစွဲရန်အတွက် အခြားငှက်ပျောအူတိုင်များနှင့်အတူ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

ပေါ်ထွက်လာ

အဆိုပါဖီးကြမ်းငှက်ပျောအူတိုင်အား နေအိမ်ခြံထောင့်တွင်ထောင်ထားပြီး မုန့်ဟင်းခါးချက်ရန် အသုံးမပြုမိဘဲ မေ့ကျန်ခဲ့ရာမှ ငှက်ပျောအူတိုင်အလယ်မှ ထူးထူးခြားခြားဖောက်ထွက်ပြီး ငှက်ပျောအူတိုင်ထက်ကြီးသော ငှက်ပျောဖူးတစ်ဖူးနှင့် ငှက်ပျောသီးလေးလုံးပေါ်ထွက်လာခြင်းဖြစ်သည်။

ငှက်ပျောဖူးမှာ လုံးပတ် ၁၂ လက်မ၊ ဖူးတံအရှည် ၈ လက်မရှိပြီး ငှက်ပျောသီးလေးလုံးမှာ တစ်လုံးလျှင် လုံးပတ်မှာ ၄ လက်မစီရှိကြောင်း သိရှိရသည်။ **(ဝဇ၅)**

28-7 (03).pmd 1 7/28/2012, 2:51 AM

ဗဟိုဘဏ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် မူဝါဒရေးရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျာမနီနိုင်ငံအခြေစိုက်၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများအား အကူအညီပေးရေးအဖွဲ့ Friedrich Ebert Stiftung (FES) တို့ ပူးပေါင်းကျင်းပသည့် ဗဟိုဘဏ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် မူဝါဒရေးရာ ဆွေးနွေးပွဲ (High Level Policy Seminar on Central Banking) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားရာတွင် ယခု အသွင်ကူးပြောင်း ကာလအတွင်း နိုင်ငံ၏ ငွေကြေးနှင့် ငွေရေးကြေးရေး ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးမူဝါဒရေးရာများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေ၊ ရှေ့အလားအလာ၊ ပြုပြင်ပြောင်းလဲမှုစီမံချက်များနှင့် စိန်ခေါ်မှုများကို ဒေသတွင်းရှိ ဗဟိုဘဏ်များနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ၏ အတွေ့အကြုံနှင့် အကြံပြုချက်များကို အခြေခံ၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ ယနေ့ဆွေးနွေးပွဲအား ကျင်းပခြင်းဖြစ်ကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူတို့မှ ဗဟိုဘဏ်များနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ဘဏ်များအပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းမှုအဖွဲ့ (Bank for International Settlement)၊ အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့အစည်း (ADBI)၊ ဂျပန်နိုင်ငံ Hitotsubashi တက္ကသိုလ်မှ အဆင့်မြင့်အရာထမ်းများနှင့် ပညာရှင်များက ငွေကြေးမူဝါဒ (Monetary Policy)၊ ငွေရေးကြေးရေးဈေးကွက် လုပ်ဆောင်ချက်နှင့် ဖွံ့ဖြိုးတိုးတက်မှု (Financial Market Operations and Development)၊ ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးမှုနှင့် ကြပ်မတ်ကွပ်ကဲမှု (Bank Regulation and Supervision) နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စီမံအုပ်ချုပ်မှု (Capacity Building and Governance) ဆိုင်ရာ နယ်ပယ်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အတွေ့အကြုံအတတ်ပညာများကို အခြေခံပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ တက်ရောက်လာသူများအနေဖြင့် ဗဟိုဘဏ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များ၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းကောင်းများ၊ အကြံဉာဏ်ကောင်းများကို ဖော်ထုတ်ရရှိကြမည်ဖြစ်ကြောင်းနှင့် ၎င်းနည်းလမ်းကောင်းများကို အခြေခံ၍ မိမိတို့၏ငွေရေးကြေးရေးကဏ္ဍ ခိုင်မာတောင့်တင်းရန် ပြုပြင်ပြောင်းလဲမှုများကို ဦးစားပေးလုပ်ငန်းအလိုက်အစီအစဉ်တကျ ဟန်ချက်ညီညီ ဖော်ဆောင်သွားမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒါရိုက်တာများအဖွဲ့အစည်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Dr. Bandid NiJathaworn က မြန်မာနိုင်ငံ၏ ငွေရေးကြေးရေး ကဏ္ဍပြုပြင်ပြောင်းလဲနိုင်စေရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် FES တို့ ပူးပေါင်း၍ နည်းပညာအကူအညီများအား လက်တွေ့အကျိုးရှိရှိ ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Friedrich Ebert Stiftung (FES) ၏ မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ရုံးခွဲ တာဝန်ခံ ဒါရိုက်တာ Mr. Henning Effner က FES သည် ဂျာမနီနိုင်ငံအခြေစိုက် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်၌ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးချက်များကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများတွင် ၂၀၀၅ခုနှစ်ကတည်းက ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် မေခရိုစီးပွားရေး တည်ငြိမ်မှုရရှိစေရန် နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ၌ အဓိကဖြစ်သည့် ဗဟိုဘဏ်လုပ်ငန်းနှင့် ငွေကြေးမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် ကူညီပူးပေါင်း ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

> **ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဗဟိုဘဏ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် မူဝါဒရေးရာဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
> (သတင်းစဉ်)

အဆိုပါ ဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စီးပွားရေးအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဘဏ်များအသင်းမှ အဖွဲ့ဝင်များ၊စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် အဆင့်မြင့်အရာထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ငွေကြေးမူဝါဒ (Monetary Policy)၊ ငွေရေးကြေးရေးဈေးကွက် လုပ်ဆောင်ချက်နှင့် ဖွံ့ဖြိုးတိုးတက်မှု (Financial Market Operations and Development)၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးမှုနှင့် ကြပ်မတ်ကွပ်ကဲမှု (Bank Regulation and Supervision) နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စီမံအုပ်ချုပ်မှု (Capacity Building and Governance) ဆိုင်ရာ နယ်ပယ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ရရှိခဲ့ကြောင်း၊ ယခုနှစ်အနေဖြင့် ဖရဲသီးဈေးကွက်ပို၍ အရောင်းတက်လာခဲ့သည့်အပြင် သရက်သီးဈေးကွက်မှာလည်း နေရာရလာကြောင်း သစ်သီးများတင်ပို့နေသောကုမ္ပဏီကြီးတစ်ခုက ပြောကြားခဲ့သည်။ အဓိကဝယ်လက်မှာ တရုတ်ကုန်သည်များဖြစ်ပြီး မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့နေခြင်းဖြစ်သည်ဟု သိရသည်။

ယနေ့သစ်သီးဝလံဈေးကွက်ကို တရုတ်ကုန်သည်များက အားထည့်ပြီး ဆောင်ရွက်နေကြောင်း၊ တရုတ်ကုန်သည်များသည် ပြည်တွင်းကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး လိုအပ်သော သစ်သီးဝလံများကိုဝယ်ယူလျက်ရှိကြောင်း သစ်သီးဝလံဈေးကွက်အတွင်းမှ ကြားသိခဲ့ရသည်။

တင်ပို့နိုင်

ပထမသုံးလပတ်အတွင်း နိုင်ငံခြားဈေးကွက်သို့ ဖရဲသီးတန်ချိန် ၆၄၀၀၀ ကျော်၊ သရက်သီးတန်ချိန် ၃၇၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး အခြားသီးနှံအပါအဝင် စုစုပေါင်း တန်ချိန် ၁၃၀၀၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် အလှူငွေများပေးအပ်

နေပြည်တော် ဇူလိုင် ၂၇

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (ရုံးချုပ်) ၌ လာရောက်လှူဒါန်းလျက်ရှိသည်။

ဇူလိုင် ၂၆ ရက်တွင် သမဝါယမဝန်ကြီးဌာနက ငွေကျပ် ၃၈၁၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံတို့ကို လာရောက်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ ကြည့်မြင်တိုင်မြို့နယ်နေ ဦးဝင်း-ဒေါ်သိန်း၊ သား သရုပ်ဆောင်နေမင်းခ မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ဆေးပဒေသာပင်နှင့် အာဟာရပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် တစ်နေ့တာအာဟာရအတွက် ငွေကျပ် ၃၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းက လက်ခံစဉ်။ (၀၄၂)

မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများအလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀နာရီက ကျင်းပရာ သာကေတမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင်က မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ လူငယ်များ ဆက်စပ်သုံးစွဲနေသည်များကို ဥပဒေပုဒ်မများဖြင့် ပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

ပညာပေးဟောပြော

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်အဖွဲ့မှ ဒုရဲအုပ်ကျော်မိုးလွင်က မူးယစ်ဆေးဝါးများနှင့် ဘိန်းဖြူ ဘိန်းမည်း၊ စိတ်ကြွဆေးသုံးစွဲ၍ လူငယ်/မောင်မယ်များ အရေးယူခံရခြင်းများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည်က ကျောင်းသား ကျောင်းသူများ မိမိတို့ပညာသင်ကြားနေချိန်တွင် မူးယစ်ဆေးဝါးများသုံးစွဲမိ၍ ဆိုးကျိုးအန္တရာယ်များနှင့် တွေ့ကြုံပြီး မိဘများစိတ်ဆင်းရဲရပုံကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေး လက်ထောက်ဆရာဝန် ဦးနိုင်လတ်ကျော်က အိမ်သုံးဆေးဝါးများ လူငယ်များတလွဲသုံးစွဲမှုကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၀)**

မြန်မာ့အလင်း ပြည်သူကြားက စကားသံ

မြို့တွင်းနှင့် အဝေးပြေးခရီးသည်တင်ယာဉ်များ ခရီးသည်ဗဟိုပြု မောင်းနှင်ကြရေး ဆောင်ရွက်စေချင်

ဆွေညီ

"လိုင်းကားတွေ တစ်စီးနဲ့တစ်စီး ပြိုင်မောင်းတာက ခရီးသည်တွေရဲ့အသက်ကို လုံးဝလျစ်လျူရှုတာပဲ။ ကားပေါ်မှာပါတဲ့ ခရီးသည်တွေရဲ့ လုံခြုံရေးအတွက် အဲဒီလိုတစ်စီးနဲ့ တစ်စီးပြိုင်မောင်းတာကို ယာဉ်မောင်းတွေလုံးဝ လုပ်ဆောင်မှုမရှိအောင် ခန့်မယ်ဆိုကတည်းက စစ်ဆေးတာတွေ၊ ပညာပေးတာတွေ၊ သူတို့ကို အပြစ်တွေပဲပြောမနေဘဲ စည်းရုံးဆောင်ရွက်တာ မျိုးတွေ၊ အဲဒီကြားထဲကမှ သိပ်ပြီး လူသားမဆန်တဲ့ယာဉ်မောင်းတွေ ရှိလာရင်တော့ ပြင်းပြင်းထန်ထန်ကြီးကို အရေးယူအပြစ်ပေးတာတွေ လုပ်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ ယာဉ်မောင်းတွေအနေနဲ့ မိမိအသိစိတ်ရှိရှိ လိုက်နာနိုင်မှပဲ ခရီးသည်တွေရဲ့ လုံခြုံရေးအတွက် စိတ်ချရနိုင်မှာ။ အခုထိကတော့ သူတို့က စစ်ဆေးတဲ့လူပဲကြောက်တယ်။ ဒါကြောင့် စစ်ဆေးတဲ့ လူတွေလစ်ရင်လစ်သလို ပြိုင်မောင်းနေကြတာမို့ ခရီးသည်တွေမှာ လုံခြုံမှုမရှိဘဲ နေ့စဉ်ဘုရားတနေရ၊ နှလုံးရောဂါရနေကြတယ်လေ"။

"ပိုက်ဆံရှာတာတော့ ရှာတာပေါ့ဗျာ။ သမ္မာအာဇီဝဆိုတာကို သဘောမပေါက်ကြတော့ ဘတ်စ်ကားတွေမှာ တချို့စပယ်ယာတွေ သိပ်ဆိုးတယ်ဗျာ။ ကားခပြန်မအမ်းတာတို့၊ ပိုတောင်းတာတို့၊ မရောက်ပဲနဲ့ရောက်တယ်လို့ လိမ်ခေါ်တင်တာတို့ မလုပ်သင့်တာတွေပေါ့လေ။ အဝေးပြေးကားတွေကလည်း လမ်းလူတင်ရင် ခရီးစဉ်အစအဆုံးအတွက် ကားခတောင်းတာမျိုးတွေရှိတယ်ဗျာ၊ လမ်းရဲ့တစ်စိတ်တစ်ပိုင်းလောက်ပဲစီးတာကို ခရီးစဉ် အပြည့်အတွက် ငွေတောင်းတာကတော့ ရိုက်စားလုပ်တာမဟုတ်ရင် ဘာဖြစ်မလဲ။ လမ်းကြောင်းပေါ်က ကျောင်းသား ကျောင်းသူတွေ ဆရာ၊ ဆရာမတွေကို အခမဲ့တင်ဆောင်ပေးပြီး ကုသိုလ်ယူကြတဲ့ယာဉ်မောင်း၊ စပယ်ယာတွေရှိသလို ငွေမရရင် ကားချောင်လည်း ခေါ်မတင်ဘဲ မောင်းပြေးတတ်တဲ့ ယာဉ်မောင်း၊ စပယ်ယာတွေလည်း ရှိနေတာမို့ ဒီတဒင်္ဂကုသိုလ်လေးက နေ့မြင်၊ ညပျောက်ဘဝတွေမှာ သံသရာအတွက်ပဲဖြစ်ဖြစ် အထောက်အပံ့ဖြစ်စေတယ်ဆိုတာ သူတို့သိစေချင်ပါတယ်ဗျာ"။

သူတို့ ဆွေးနွေးဖြစ်ကြသည်က လိုင်းကားများနှင့် အဝေးပြေးကား အများစု၏ လိုအပ်ချက်တစ်စိတ်တစ်ပိုင်းလေးတွေပါ။ တကယ့်လက်တွေ့ဘဝကအဖြစ်အပျက်လေးတွေပါ။ ကားတွေ ငါးပိသိပ်၊ ငါးချဉ်သိပ် သိပ်တာတို့၊ ဘတ်စ်ကားတွေ မှတ်တိုင်မဟုတ်ဘဲတင်ချနေတာ၊ ကားအချောင်ကြီးကို မှတ်တိုင်မှာမရပ်ဘဲ သူတို့ချင်း ဖိုက်ပြီး ဆက်မောင်းသွားတာတို့၊ ကားသေးလေးတွေကို ကျော်တက်ရင်းနဲ့ ဖင်နဲ့ရမ်းပစ်ခဲ့တာတို့၊ ငွေပြန်မအမ်းတာတို့၊ ကားပေါ်မှာ ထီးဆောင်းလိုက်ရတာတို့၊ ပြိုင်မောင်းရင်း၊ လုမောင်းရင်း၊ ခရီးသည်လုရင်း တစ်ဖက်ကားကို မကျေနပ်တာနဲ့ပဲ ဒရိုင်ဘာ၊ စပယ်ယာတွေ ဘယ်သူ့မှဂရုမစိုက်ဘဲ ကားပေါ်မှာ မိုးမွှန်အောင် ဆဲဆိုနေတာတို့ ပြောမဆုံးပေါင် တောသုံးထောင်တွေမပါသေး။

ဇူလိုင် ၁၆ ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏ်စိုးက မြို့တွင်းပြေးဆွဲနေသောဘတ်စ်ကားများနှင့် အဝေးပြေးခရီးသည်တင်ယာဉ်များတွင် ထိုင်ခုံနေရာ ကျပ်ညပ်စွာ စီစဉ်ထားရှိခြင်းအပါအဝင် ခရီးသည်တင်ယာဉ်တစ်စီး၏ စံနှုန်းနှင့် ကိုက်ညီမှုမရှိသည်များကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိမရှိ မေးမြန်းသွားသည်ကို သတင်းစာများတွင် ဖတ်လိုက်ရသည်။

အဆိုပါမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယာဉ်ပိုင်ရှင် အချို့သည် ခရီးသည်ပိုမိုတင်ဆောင်နိုင်ရန် ထိုင်ခုံအရေအတွက် တိုးမြှင့်၍ ပြန်လည်ပြုပြင်တည်ဆောက်ကြကြောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက် (Capacity) ထက်ကျော်လွန်သော ထိုင်ခုံအရေအတွက်အား ကညနမှ ခွင့်ပြုခြင်း မရှိကြောင်း၊ ကညနမှ နှစ်စဉ်မော်တော်ယာဉ်သက်တမ်းတိုးချိန် စစ်ဆေးခြင်းပြုလုပ်ကြောင်း၊ တာဝန်ရှိသူများနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အဝေးပြေးကားဝင်းများ၊ မြို့တွင်းခရီးသည်တင်ဂိတ်များ၌ စစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများကလည်း သတ်မှတ်ချက်နှင့် မကိုက်ညီသည့် ယာဉ်များတွေ့ရှိပါက သတင်းပေးအကြောင်းကြားခြင်းအားဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ခေတ်ပြောင်း၊ စနစ်ပြောင်းပြီ ဖြစ်သော်လည်း ဘတ်စ်လိုင်းများ၊ အဝေးပြေးယာဉ်များကိုသာ အားကိုးအားထားပြု၍ နေ့စဉ်လှုပ်ရှားသွားလာနေရသူအချို့၏ အခြေအနေက တိုးတက်ပြောင်းလဲမှု သိသိသာသာမရှိသေး။ ဘတ်စ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများ များပြားလာနေသော်လည်း သတ်မှတ်ထားသည့် အချိန်အတိုင်း မထွက်တာ၊ မရောက်တာ၊ မရပ်တာတွေ၊ ခရီးသည်များကို ဦးစားမပေးဘဲ ငါမောင်းသောကား ငါတို့ကားဟု ငါစွဲဖြင့် မောင်းချင်သလိုမောင်းတာ ရှိနေကြသေးတယ်။ နှစ်ပေါင်းမြောက်မြားစွာ အရိုးစွဲလာသည့် အုံနာများ၊ ဒရိုင်ဘာများ၊ စပယ်ယာများ၊ ယာဉ်ထိန်းရဲများ၊ ယာဉ်လိုင်းစစ်ဆေးကြီးကြပ်သူများ၊ တာဝန်ရှိသူများအားလုံးက ညီညီညွတ်ညွတ်ပြင်ကြ၊ ပြောင်းကြမှ ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာနိုင်ပေမည်။

ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ခရီးသွားလာသူများအနေဖြင့် အဆင့်မီ၊ ခေတ်မီသော မော်တော်ယာဉ်များဖြင့် သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိမေးမြန်းခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်းလျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင် နိုင်ငံတကာအဆင့်မီ ခေတ်မီသောယာဉ်များဖြင့် သွားလာနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားခဲ့သည်ကို သိလိုက်ရသည်။ ဝမ်းမြောက်ဖွယ်သတင်းပါပေ။

မည်သို့ပင်ဖြစ်စေ မိမိတို့ပြည်တွင်းကုမ္ပဏီများ၏ ယာဉ်လိုင်းများလည်းရှိနေရဦးမည်သာဖြစ်ရာ တစ်ယောက်နှင့်တစ်ယောက်အပြန်အလှန် အမြဲသဟဲပြုနေရဦးမည့် လောက ကြီးတွင် လောဘအလွန်ကြီးသော၊ ဒေါသအလွန်ကြီးသော ယာဉ်မောင်းများ၊ စပယ်ယာများ မရှိစေချင်တော့ပါ။ ယှဉ်ပြိုင်မှုများလာချိန်တွင် မိမိတို့၏ဝန်ဆောင်မှုသည် ဇီးရိုးမှတက်မလာပါက အရှုံးနှင့်တွေ့ကာ ပြည်ပကုမ္ပဏီများ၏ သိမ်းပိုက်မှုခံရမည်၊ သို့မဟုတ် မိမိတို့ လုပ်ငန်းကိုဖြုတ်၍ လုပ်ငန်းမှ ဆုတ်ခွာရမည်ဆိုလျှင် ဂုဏ်သိက္ခာအရလည်း မကောင်းနိုင်ပါ။

ထို့ကြောင့် ပြိုင်မောင်းသော၊ ခရီးသည်အပြည့်အသိပ်တင်သော၊ နောက်ကားမလာမချင်း ကျောက်ချရပ်ထားကြသော၊ ထိုင်ခုံများဖြုတ်ထားသော၊ ပြတင်းပေါက်များ၊ တံခါးပေါက်များတွင် မှန်များအကာအရံများမရှိသော၊ အကြွေပြန်မအမ်းသော၊ ယာဉ်စီးခ ပိုတောင်းသော၊ မောက်မောက်မာမာဆက်ဆံသော၊ ကားငယ်များကို အနိုင်ကျင့်သွားသော၊ မှတ်တိုင်တွင်မရပ်ဘဲ လူတင်ချလုပ်သော၊ . . သော၊ . . သော၊ သတ်မှတ်ချက်နှင့် မကိုက်ညီသော မော်တော်ယာဉ်များ မြန်မာပြည်၏ ဘတ်စ်ကားလောက၊ အဝေးပြေးယာဉ်လိုင်းများ လောကတွင် ပျောက်ကွယ် သွားပါစေ၊ ဝန်ဆောင်မှုကောင်းသော၊ ခရီးသည်များကို ဦးစားပေးသောခေတ် မြန်မြန် ပေါ်ထွန်းလာပါစေဟု . . . ။

❖ *ကျောဖုံးမှ*

လက်ဆင့်ကမ်းလွှဲပြောင်း တာဝန်ထမ်းဆောင်နိုင်ရေး၊ အရည်အသွေးပြည့်ဝရေးတို့ကို ရှေးရှုလျက် သံဃနာယကအဖွဲ့ဝင်များအဟောင်းအသစ်လဲလှယ်သည့် ၂၅ (ရာခိုင်နှုန်း) အနားယူ အစားထိုးရွေးချယ်ရေးမှုကို ချမှတ်ဆောင်ရွက်ခဲ့ရာ ၁၂ နှစ်ကာလရှိပြီဖြစ်၍ လာမည့် တပေါင်းလအစည်းအဝေးအမီ အစားထိုးရွေးချယ်ဖွဲ့စည်းမှုပြီးစီးပါက ၂၅ (ရာခိုင်နှုန်း) တစ်ပတ်လည်ပြီး အသစ်တစ်ဖန် ပြန်စတော့မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်အစတွင် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်တို့၌ သံဃနာယကအဖွဲ့ဝင်အသစ် ဆရာတော်များဖြင့် ဖွဲ့စည်း၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အားလုံး အင်သစ်အားသစ်တို့ဖြင့် သာသနာ့တာဝန်၊ သံဃာ့အဖွဲ့အစည်းတာဝန်တို့ကို ထမ်းဆောင်ကြရတော့မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက အလေးထားဆောင်ရွက်တော်မူကြသည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များအနက် ဝိနိစ္ဆယရေးရာ အငြင်းပွားမှုများကို ဖြေရှင်းကြရာ၌ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများနှင့်အညီ ပိုလွန်ခြင်း၊ ယုတ်လျော့ခြင်းမရှိ ညှိနှိုင်းဆုံးဖြတ်ကြသကဲ့သို့ ယင်းဆုံးဖြတ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ဒေသအုပ်ချုပ်ရေးအဖွဲ့များထံမှ လုံခြုံမှုအကူအညီကို ရယူရာတွင် ဒေသအာဏာပိုင်များကလည်း တည်ငြိမ်အေးချမ်းမှု အခြေအနေကို သုံးသပ်၍ အကောင်အထည်ဖော်မှုကို အဆင်ပြေချောမွေ့စေရန် ကူညီပေးကြမည်ဖြစ်ပါကြောင်း၊ လူ့ဘောင်လောကီ အရှုပ်အထွေးနှင့် ကင်းဝေးစေရန် ရဟန်းပြုတော်မူကြသည့် ဘုရားရှင်၏ သားတော်များပီပီ ဖြစ်ပေါ်လာပြီးသည့် အမှုအခင်းများအပေါ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က ဆုံးဖြတ်သည်ကို နာခံ၍ တစ်ပါးနှင့်တစ်ပါး ကျေအေးပြီးပြတ်သွားကြမည်ဆိုပါက ဝိနိစ္ဆယရုံး၊ တရားရုံးများသို့ အဆင့်ဆင့် တက်စရာမလိုဘဲ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များအဖို့ သံဃာ့ကိစ္စ သံဃာနှင့်ဖြေရှင်းပြီးပြတ်ကာ ပရိယတ္တိ၊ ပဋိပတ္တိဓုရနှစ်ဖြာကို ကြိုးစားအားထုတ်နိုင်ကြမည် ဖြစ်ပါကြောင်း။

သာသနာရေးရာနှင့် စပ်လျဉ်း၍ ကျောင်းသစ်ဆောက်လုပ်ခွင့်ပြုခြင်း၊ ကျောင်းထိုင်တင်မြှောက်ခြင်း၊ ကျူးကျော်ကျောင်းများ စိစစ်ခြင်း၊ သာသနာဝင်မှတ်တမ်းကိုင်ဆောင်ခြင်းစသည်တို့မှာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်တော်မူကြရသဖြင့် ကောင်းမြတ်မှန်ကန်ပါကြောင်း၊ ကျောင်းသစ်ဆောက်လုပ်မှုကြောင့် ဖြစ်ပေါ်သည့် ပြဿနာများကို ဖြေရှင်းရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် အများဆိုင်စည်းမျဉ်းစည်းကမ်းများကို အလေးထားခြင်းနှင့် အခြေခံကျကျ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်၍ ဆုံးဖြတ်ခြင်းသည်သာ အငြင်းပွားမှု လျော့ပါးစေမည်ဖြစ်ပါကြောင်း။

ပညာရေးဆိုင်ရာအပိုင်းနှင့် စပ်လျဉ်း၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ပရိယတ္တိပညာရေးသည် အဓိကမဏ္ဍိုင်ဖြစ်ပါကြောင်း၊ ပရိယတ္တိမူလေးချက်ကို ၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သတ်မှတ်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းမူလေးချက်နှင့်အညီ ပထမပြန်စာမေးပွဲတွင် မြန်မာစာ ဘာသာတိုးလာခြင်း၊ အခြေပြုမူလတန်းကို အတန်းတစ်တန်းအဖြစ် ပြဋ္ဌာန်းသတ်မှတ်၍ ကျင်းပပေးခဲ့ပါကြောင်း။

သို့သော်လည်း ခေတ်ကာလအခြေအနေအရ ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲကို တစ်ပြိုင်တည်း ရှေ့ဆင့်နောက်ဆင့် ကျင်းပပြုလုပ်မှုတွင် စာဖြေဦးရေများပြားလာမှုကြောင့် လည်းကောင်း၊ မေးခွန်းထုတ်ခြင်း၊ အဖြေလွှာစစ်ဆေးခြင်းလုပ်ငန်းများ လုံခြုံမှု ပိုမိုကျစ်လျစ်စေရန်နှင့် အချိန်တိုကာလအတွင်း မေးခွန်းနှင့် အဖြေလွှာများ သယ်ဆောင်မှုတာဝန် သက်သာလျော့ပါးစေရန် ရည်သန်ချက်ကြောင့်လည်းကောင်း ပထမပြန်စာမေးပွဲကို ၁၉၉၉ခုနှစ်မှစ၍ စာဖြေဦးရေများသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ကို ပထမအသုတ်၊ စာဖြေဦးရေနည်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ကို ဒုတိယအသုတ်အဖြစ် နှစ်သုတ်ခွဲကျင်းပ၍ မေးခွန်းထုတ်ခြင်း၊ အဖြေလွှာစစ်ဆေးခြင်းတို့ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အဆင်ပြေချောမွေ့စွာဆောင်ရွက်စေနိုင်ခဲ့ပါကြောင်း။

ယင်းသို့ ပထမပြန်စာမေးပွဲ နှစ်သုတ်ခွဲ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပခဲ့သည့် ၁၂ နှစ်တာကာလအတွင်း အတွေ့အကြုံများအရ စာသင်တိုက်ဆရာတော်များက ပရိယတ္တိပညာရေးဘက်မှ ရှုမြင်သုံးသပ်ကြလျက် ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပမည့်အစား မူလကကျင်းပခဲ့သည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်း မေးခွန်းပုစ္ဆာတစ်မျိုးတည်းဖြင့် ကျင်းပပြုလုပ်ရန် ဆန္ဒပြုလာကြပါကြောင်း၊ ၂၀၁၂ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် ပထမပြန်စာမေးပွဲကို ၂၀၁၃ခုနှစ်မှစ၍ စာမေးပွဲဖြေဆိုချိန်နှင့် မေးခွန်းပုစ္ဆာတူညီမှုတစ်ပြေးညီဖြစ်စေရေး တင်ပြဆုံးဖြတ်ခဲ့ပြီး သာသနာရေးဝန်ကြီးဌာနသို့လည်း မေတ္တာရပ်ခံပေးပို့လာပါကြောင်း။

ဆရာတော်ဘုရားများက ပရိယတ္တိပညာရေး မနိမ့်ကျရအောင် ရည်သန်ဆောင်ရွက်ကြရာ၌ အသက်သိက္ခာမရင့်ကျက်သေးသည့် ရဟန်းသာမဏေများ၏ အလိုနောက်သို့ လိုက်တော်မမူကြဘဲ ပရိယတ္တိပညာရေး ဂုဏ်သိက္ခာမြင့်တက်ရန်၊ ပရိယတ္တိစာမေးပွဲတွင် မသမာဖြေဆိုမှုများ ကင်းရှင်းစေရန်နှင့် မေးခွန်းနှင့်အဖြေလွှာများ လုံခြုံမှုရှိစေရန် လိုလားတော်မူကြပါကြောင်း၊ မေးခွန်းထုတ် ပုစ္ဆကဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် စာစစ်ဆရာတော်များ ရွေးချယ်တာဝန်ပေးရေးမှအစ ပရိယတ္တိပညာရေးကို တန်ဖိုးထားလိုလားတော်မူကြသည့် ရဟန်းတော်များကိုသာ ရွေးချယ်ပေးရန်နှင့် ပထမပြန်စာမေးပွဲ အခြေခံစည်းမျဉ်းကိုလည်း ပြောင်းလဲကျင်းပမည့် အခြေအနေများနှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အဓမ္မဝါဒများ မပေါ်ပေါက်ရေးအတွက် ဘာသာရေးစာမူ စိစစ်ရေးသည်လည်း လွန်စွာအရေးကြီးပါကြောင်း၊ သတင်းနှင့် ဆက်သွယ်ရေးခေတ်မီတိုးတက်လာသည့်ခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာအတွင်းသို့ ထိုးဖောက်သွတ်သွင်းလာသည့် ထေရဝါဒဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ကွဲလွဲနေသည့် အတွေးအမြင်များ၊ သတင်းနှင့် ဆက်သွယ်ရေးခေတ်ကို အမှီသဟဲပြု၍ အသက်သွင်းဝင်ရောက်မလာနိုင်စေရန်ဘာသာရေးစာစောင်နှင့် မဂ္ဂဇင်းများ၊ စာအုပ်စာပေများ စိစစ်ခွင့်ပြုရာ၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပညာရေးအဖွဲ့ဝင် ဆရာတော်များ၏ကြီးကြပ်မှုပိုင်း အားဖြည့်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် ဆရာတော် သံဃာတော် အရှင်မြတ်များမှ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် တပည့်တော်တို့ ဒါယကာ ဒါယိကာမများဘက်မှလည်း ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့မှုအပြင် ဓမ္မစက် အာဏာစက်ဖြင့် ခိုင်မြဲစေခြင်းအပါအဝင် ဆရာဒကာလက်တွဲညီညာစွာ ဆောင်ရွက်လျက်ရှိကြသဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နေလိုလလို ထွန်းလင်းတောက်ပနေလျက် ရဟန်းရှင်လူအပေါင်းတို့အား လမ်းမှားမလိုက် လမ်းမှန်လိုက်အောင် အစဉ်ထာဝရညွှန်ပြနေမည်သာ ဖြစ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ်တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းကို တာဝန်ကျ အဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒက တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးသို့ တင်သွင်းလာသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ တင်ပြလာသည်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဇူလိုင် ၂၄ ရက် အကြိုညှိနှိုင်း(ပထမနေ့)အတွက် တစ်နေ့တာ ဆွမ်းအလှူကို မြန်မာ့ရင်နှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမင်း၊ ဇနီး ဒေါ်စန်းစန်းအေးနှင့် ဝန်ထမ်းမိသားစုကလည်းကောင်း၊ ဇူလိုင် ၂၅ ရက် အကြိုညှိနှိုင်း (ဒုတိယနေ့)အတွက် တစ်နေ့တာ ဆွမ်းအလှူကို အက်စ်အိုင်ကုမ္ပဏီများပိုင်ရှင် ဒေါက်တာမြသီတာဆွေတင်မိသားစုကလည်းကောင်း၊ ဇူလိုင် ၂၆ ရက် အကြိုညှိနှိုင်း (တတိယနေ့)အတွက် တစ်နေ့တာ ဆွမ်းအလှူကို မန္တလေးအသင်း(ရန်ကုန်)က လည်းကောင်း၊ ယနေ့အစည်းအဝေး (ပထမနေ့) အရုဏ်ဆွမ်းကို မိခင်ကြီး ဒေါ်မြနွဲ့အား ရည်စူး၍ သမီးဒေါ်စန္ဒာမြင့် (သာသနာရေးဦးစီးဌာန)နှင့် နေ့ဆွမ်းကို မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေမိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)-ဒေါ်စန်းစန်းရီ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)-ဒေါ်မာလာတင့် မိသားစု၊ ဇေယျကျော်ထင် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဒေါ်နန်းခင်လှဝင်း မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို)-ဒေါ်ခင်လေးမြင့် မိသားစုနှင့် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့ကလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ အင်တာနက်အသုံးပြုနိုင်တော့မည်

ရန်ကုန် ဇူလိုင် ၂၇

ရွှေတိဂုံစေတီတော်သို့လာရောက်ကြည်ညိုကြသည့် နိုင်ငံခြားသားများ အသုံးပြုရန် ဝိုင်ယာလက်/ဝိုင်ဖိုင်ကိုတပ်ဆင်ရန်စီစဉ်ထားပြီးဖြစ်၍ ဩဂုတ်လ ဒုတိယပတ်အတွင်း စတင်အသုံးပြုခွင့်ရရှိတော့မည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတာဝန်ရှိသူထံမှ သိရှိရသည်။

ယင်းစက်ကို ခရစ်စတယ်လ်ရှိုင်းကုမ္ပဏီက ရွှေတိဂုံစေတီတော် ဂေါပကရုံးသို့ လှူဒါန်းထားခြင်းဖြစ်ပြီး နိုင်ငံခြားသားများသည် တစ်ဦးလျှင်အများဆုံး မိနစ် ၃၀ အခမဲ့အသုံးပြုခွင့်ရမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ဝိုင်ဖိုင်ကို စေတီတော်ရင်ပြင်တွင် သင့်တော်ရာနေရာ၌ တပ်ဆင်ထားမည်ဖြစ်ကာ စေတီတော်ပေါ်၌ မည်သည့်နေရာမှမဆို အသုံးပြုနိုင်ရန်လည်း စီစဉ်ပေးထားမည်ဖြစ်ကြောင်းသိရှိရသည်။ ဝိုင်ဖိုင်ကို Password ပေးထားမည်ဖြစ်၍ အသုံးပြုလိုသူ အချိန်မရွေးအသုံးပြုနိုင်ရန်အတွက် အသုံးပြုခွင့်ကတ်ထုတ်ပေးမည်ဖြစ်သည်။

စေတီတော်စတင်ဖွင့်ချိန်မှ ပိတ်ချိန်အထိ အချိန်မရွေးအသုံးပြုနိုင်ရန် စီစဉ်ထားမည်ဖြစ်ကာ လောလောဆယ် စမ်းသပ်ကာလအဖြစ် စက်တစ်ခုသာ တပ်ဆင်ထားသော်လည်း နောင်တွင် စေတီတော်မုခ်အားလုံး၌ တပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး တာဝန်ရှိသူထံမှ သိရှိရသည်။

ဂေါပကအဖွဲ့ရုံးအနေဖြင့်လည်း အင်တာနက်အသုံးပြုနိုင်ကြောင်းကို နိုင်ငံခြားသားများသိရှိစေရန် နီးစပ်ရာဝက်ဘ်ဆိုက်များတွင် တင်ထားပေးမည်ဖြစ်ပြီး ရင်ပြင်ပေါ်တွင်လည်း အင်တာနက်အသုံးပြုနိုင်ကြောင်း ဆိုင်းဘုတ်များလည်းထောင်ကာ ကြေညာထားမည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်သို့ ဇူလိုင် ၁ ရက်မှစ၍ ၂၄ ရက်အထိ ဧည့်ဝင်ဦးရေ ၁၄၃၈၃ဦးရှိပြီး ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့်မလေးရှားနိုင်ငံတို့မှ အများဆုံး လာရောက်ကြည်ညိုကြကြောင်းလည်း သိရှိရသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**



မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၂၇-၇-၂၀၁၂

ကိုလင်း စုစည်းသည်

နိုင်ဇော်၏ 'အဆုံးအစမဲ့ မိုးသားထဲ သွားရဦးမယ်' (ထူးအိမ်သင် ပုံတူကောက်ကြောင်း) စာအုပ်ထွက်ရှိ

ပြည်သူချစ်သော အနုပညာရှင်တစ်ဦးဖြစ်သည့် ထူးအိမ်သင်သည် မြန်မာခေတ်ပေါ် ဂီတလမ်းကြောင်းကို ချိုးကွေ့တိုးတက်ပြောင်းလဲစေခဲ့သူ၊ ရိုးရာတူရိယာများနှင့် ခေတ်ပေါ်ဂီတကို ပေါင်းစပ်ဖန်တီးဖို့ ကြိုးစားခဲ့သူဖြစ်သည်။ ၁၉၆၃ ခုနှစ် မိုးသည်းချိန် ဇူလိုင် ၁ ရက်တွင် မွေးဖွားခဲ့ရာ ရှေ့နှစ်မှာ ထူးအိမ်သင်၏ နှစ်(၅၀)ပြည့် ရွှေရတုဖြစ်မည်။ ၂၀၀၄ ခုနှစ် မိုးသည်းချိန် ဩဂုတ် ၁၄ ရက်တွင် လူ့လောကကို စွန့်ခွာသွားခဲ့သည်။ လူ့ဘဝမှာ သူနေခွင့်ရခဲ့သည့် အချိန်တိုတို အသက် ၄၁ နှစ်အတွင်း အလုပ်တွေအများကြီး လုပ်သွားခဲ့သည်။ သီတတ်သည့် ကလေးဘဝကတည်းက အထုံပါရမီ ပါလာခဲ့ပြီး တစ်ဘဝလုံးနှစ်၍ မြန်မာ့ဂီတဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝိညာဉ် အသည်းနှလုံးကော ရှိရှိသမျှ အင်အားများပါ သွန်အောပြီး ကြိုးစားခဲ့သူဖြစ်၍ ကွယ်လွန်တာရှစ်နှစ်ကြာသော်လည်း သူ့အနုပညာကို ပရိသတ်ကမမေ့ကြသေးပါ။ ဤစာအုပ်တွင် ထူးအိမ်သင်၏ ငယ်ဘဝမှစပြီး ကွယ်လွန်ချိန်အထိ ကြိုးစားလေ့ကျင့်ဖြည့်ဆည်းဖြတ်သန်းရင်း အနုပညာများ ဖန်တီးခဲ့ပုံ ဖြစ်ကြောင်း ကုန်စင် မှတ်တမ်းတင်ထားပါသည်။ ရှားပါးဓာတ်ပုံမြောက်မြားစွာ ဝေဝေဆာဆာ ပါဝင်သည်။ ထူးအိမ်သင်ကို ချစ်သူများအတွက် ရည်ညွှန်းထားသော စာအုပ်ဖြစ်သကဲ့သို့ အနုပညာရှင်တစ်ဦး၏ ဇွဲနပဲကြီးစွာ အားထုတ်ကြိုးပမ်းမှုမှတ်တမ်းဖြစ်သည်။ သီရိဝဏ္ဏစာပေမှ ထုတ်ဝေဖြန့်ချိသည်။

ကွန်ပျူတာစာစီစာရိုက်နည်းလမ်းညွှန် စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးသူမေသစ်ခင် ရေးသားသည့် ကွန်ပျူတာစာစီစာရိုက်နည်း လမ်းညွှန်စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် စာစီစာရိုက်လုပ်ငန်း လုပ်ကိုင်နေကြသူများအတွက် Adobe Pagemaker 7.0 Softwear အကြောင်းကို အသေးစိတ်ဖော်ပြထားသည်။ စာစီစာရိုက်ခြင်း၊ ပုံများထည့်သွင်းခြင်း၊ ဇယားများရေးဆွဲခြင်း၊ ဇယားများကို မိတ္တူပွားခြင်း၊ နေရာရွှေ့ခြင်း၊ ရိုက်ပြီးသားစာများ စာပိုဒ်များထဲမှ ပြန်ပြင်ချင်သောစာသားများကို ရှာဖွေ၍ ပြင်ဆင်ပြောင်းလဲခြင်းစသည်တို့ကို ဖော်ပြထားသည်။ စာအုပ်ကို မနောဖြူစာပေ၊ အမှတ် ၂၃၅ မြေညီထပ် ၃၇ လမ်းအထက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၄၃၈၇၃ မှ ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

တစ်ထောင့်တစ်ညပြောရသော ပသီပုံပြင်ဝတ္ထုကြီးစာအုပ် ထုတ်ဝေ

စာအုပ်သည် ဘာသာပြန်ပုံပြင်များ စုစည်းထားသော စာအုပ်ဖြစ်သည်။ ဘာသာပြန်သူ ဒေါက်တာ ရှိတ်အဗ္ဗဒူရာမန်၏ သီပေါမင်းပါတော်မူပြီး (၂၄)နှစ်ခန့်က အရေးအသားဖြစ်သော်လည်း မြန်မာမှုပြုပြီး မြန်မာ့စရိုက်၊ မြန်မာ့အသုံးအနှုန်း ဓလေ့ထုံးစံတို့ဖြင့် ဘာသာပြန်ထား၍ ဖတ်ချင်စဖွယ်ပုံဝတ္ထုများဖြစ်သည်။

ပုံပြောပြသူမှာ အမတ်ကြီး၏ သမီး၊ နားထောင်သူမှာကေရာဇ်ဘုရင်ကြီး၊ မည်မျှစိတ်ဝင်စားဖွယ်ကောင်းသည်မသိ။ တစ်ထောင့်တစ်ညကြာအောင်ပြောသူက ပြောပြပြီး နားထောင်သူဘုရင်ကြီးကလည်း နားထောင်ခဲ့သည်။ သူဌေးကြီးတစ်ယောက်နှင့် ဘီလူးကြီးအကြောင်း၊ ပထမခရီးသည်နှင့် သမင်မအကြောင်း၊ လင်မယားနှစ်ယောက်နှင့် သာလိကာအကြောင်းအပါအဝင် ပုံပြင်ကောင်းများစွာပါဝင်သည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက အရေးအသားဖြစ်သော်လည်း အရေးအသားတို့က သစ်လွင်ဆဲဖြစ်သည့် အရေးအသားနှင့်ပုံပြင်များဖြစ်သည်။ ခင်ချိုထွန်းစာပေ ဒဂုံသီရိလမ်း ကျောက်မြောင်းနှင့်သန်းသန်းမြင့် စာအုပ်ဆိုင် ရွှေတိဂုံတောင်ဘက်မုခ် ဖုန်း- ၀၁-၅၄၂၀၅၆မှ ငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိထားသည်။

သိပ္ပံနည်းကျစိုက်ပျိုးနည်း မင်းကင်း၌ ပညာပေးဆောင်ရွက်

မင်းကင်း ဇူလိုင် ၂၇

မင်းကင်းမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်နည်းလက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၁၈ ရက်က ကန်ကျေးရွာအုပ်စု တောင်သူဦးဌေးလွင်၏ လယ်မြေ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုးက မိုးစပါးပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေး၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲရေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်က မိုးစပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄) ချက်ကို ပညာပေးဆွေးနွေးပြီး ဝန်ထမ်းများနှင့်လယ်သမားများက ပျိုးပေါင်စနစ်ဖြင့်မျိုးစေ့ချပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

စာအုပ်စာပေ လူ့မိတ်ဆွေ

28-7 (05).pmd 1 7/28/2012, 2:51 AM

ပြည်သူ့လွှတ်တော်မှ

ထိခိုက်မှုနှင့် အလုပ်နှင့်ဆက်နွယ်သည့် ရောဂါခံစားရမှု လျော့နည်းကျဆင်းစေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ်ခြင်း၊ ပညာပေးသင်တန်းဖွင့်လှစ်ပို့ချခြင်းနှင့် လုပ်ငန်းအမျိုးအစားအလိုက် အန္တရာယ်ရှိနိုင်သည့် စက်ရုံ၊ အလုပ်ရုံများအား လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ ကွင်းဆင်းတိုင်းတာပြီး လိုအပ်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဆွေးနွေးစဉ်။
(သတင်းစဉ်)

သလို ပြုပြင်ဆောင်ရွက်စေရေးစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ အိပ်ချ်အိုင်ဗွီရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ကူးစက်မှုခံရသည့် လူနာများအတွက် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကို ၁၉၉၅ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာနမှ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ အစိုးရဌာနဆိုင်ရာလုပ်ငန်းခွင်တွင် အမှုထမ်းဆောင်နေသူ ဝန်ထမ်းများအတွက် ဆေးကုသခွင့်၊ နာမကျန်းဆေးခွင့်၊ နာမကျန်းပင်စင်ခံစားခွင့်နှင့် အခြားလူမှုရေးဆိုင်ရာ ခံစားခွင့်များကို ဝန်ထမ်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အဆိုပါ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၎င်း၏သဘောထားအမြင်အား ပြောကြားရာတွင် **သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းတင်ပြပြီးသွားပြီဖြစ်ကြောင်း၊ ဒေါက်တာနေလင်းတို့ သက်ဆိုင်ရာဝန်ကြီးဌာနတို့ မေးမြန်းဖြေကြားသကဲ့သို့ ယင်းရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့အဝန်းက စိတ်ဝင်စားပြီး ကမ္ဘာ့၏ကျန်းမာရေးဆိုင်ရာ အရေးကြီးသည့် Issue တစ်ခုဖြစ်သည်လည်း အမှန်ပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မိမိ၏ Opinion ဆိုလျှင် ကျန်းမာရေးနှင့်ဆိုင်သည့် Opinion ကို အရင်တင်ပြချင်ပါကြောင်း၊ ဤသည်မှာလည်း မိမိတို့ ဆိုရိုးစကားများရှိပါကြောင်း၊ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုပြီးထိရောက်သည်၊ အကျိုးရှိသည်ဆိုသည့်အတွက် ကျန်းမာရေးနှင့်ဆိုင်သည့် ကိစ္စအားလုံးသည် ကြိုတင်ကာကွယ်ခြင်းက ပိုပြီးထိရောက်ပါကြောင်း၊ အသုံးဝင်ပါကြောင်း၊ ယခုလို ကြိုတင်ကာကွယ်ရန်ဆိုလျှင် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနနှင့် ဌာနအသီးသီးက ပညာပေး အသိပေးခြင်းများ ရှေ့ကပြေးသွားရန်လိုပါကြောင်း၊ ယင်းကဲ့သို့ ရှိတော့မှသာလျှင် ကာယကံရှင်ရော၊ ပတ်ဝန်းကျင်မှာရှိသည့်လူရော ကာကွယ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ကာကွယ်သည့်ကြားထဲက ဖြစ်ပေါ်လာပြီဆိုလျှင် ရောဂါဖြစ်ပေါ်လာပြီဆိုလျှင် ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်သည့်အဖွဲ့အစည်းများက ကုသပေးရမည့်အပိုင်းကို ရောက်လာပါကြောင်း၊ ဤနေရာတွင် HIV, AIDS ရောဂါကို ပြောမည်ဆိုလို့ရှိလျှင် မိမိတို့မြန်မာနိုင်ငံမှာရှိသည့် လူဦးရေသန်း ၆၀ ရှိသည်ဆိုသည့်နေရာတွင် ဂဃနဏ နားလည်မှုက ရာခိုင်နှုန်း ၅၀ ရှိချင်မှရှိမည် ဖြစ်ပါကြောင်း၊ မရှိသည့်အတွက် ဤရောဂါမဖြစ်ပွားရန် ကာကွယ်ခြင်းအပိုင်း၊ ကုသခြင်းအပိုင်းမှာလည်း အခြားနိုင်ငံနှင့် နှိုင်းယှဉ်ပါက အခက်အခဲပိုရှိနိုင်ပါကြောင်း၊ တစ်ဖန် မိမိတို့မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်အရ အရှက်အကြောက်ကြီးကြောင်း၊ ဤကိစ္စမျိုးများမှာဆိုလျှင် ပြောဆိုရန် ဆွေးနွေးရန် အင်မတန်မှ ဝန်လေးပါကြောင်း၊ မပြောရဲကြ၊ မဆိုရဲကြ အင်မတန်အရှက်အကြောက်ကြီးပါကြောင်း၊ ထို့ကြောင့် ဤနေရာတွင် မိမိ၏ Opinion ပြောမည်ဆိုပါက မိမိတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာတွေထဲကမှ နိုင်ငံသားတိုင်းရင်းသားများနှင့် လူသားများအတွက် ကျန်းမာရေးကို ထိခိုက်စေသော သို့မဟုတ် ဤလူသားများ၏ အခွင့်အရေးကို ထိခိုက်စေသော အပြုအမူ စရိုက်လက္ခဏာများရှိသည်ဟုဆိုပါက သိမ်မွေ့ညင်သာစွာ ပြန်လည်ပြုပြင်ပြောင်းလဲရန် လိုပါကြောင်း၊ အစဉ်အလာတစ်ခု၊ ရိုးရာတစ်ခု၊ ဓလေ့စရိုက်တစ်ခုသည် မိမိတို့ အမြတ်တနိုး ထိန်းသိမ်းထားရာတွင် မှန်သော်ငြားလည်း ယင်းအစဉ်အလာကြောင့်၊ ယင်းရိုးရာကြောင့်၊ ယင်းဓလေ့စရိုက်ကြောင့် မိမိတို့ တိုင်းရင်းသားများရော၊ နိုင်ငံသားများရော လူသားများအတွက် ကျန်းမာရေးဆိုင်ရာနှင့် အခြားအခက်အခဲများရှိသည်ဆိုလျှင်လည်း ညင်သာစွာဆောင်ရွက်ရမည်၊ သိမ်မွေ့ညင်သာစွာဆောင်ရွက်ရမည်ဟု ယူဆပါကြောင်း၊ မိမိလည်းမိမိ၏အမြင်နှင့် ဤကဲ့သို့တင်ပြဖြေကြားခြင်းပင် ဖြစ်ပါကြောင်း။**

ထပ်ပြီး ရှေ့အစီအစဉ်ကူးမည်ဆိုသည့်အချိန်မှာပင် ထပ်ပြီးတော့ စဉ်းစားမိသည်တစ်ခုမှာ HIV, AIDS နှင့်ပတ်သက်ပြီး ကမ္ဘာကလည်း အလေးထားကြောင်း၊ မိမိတို့နိုင်ငံကလည်း အလေးထားကြောင်း၊ ယခုလည်း ဤကဲ့သို့ ဆွေးနွေးပြီးပြီဆိုလျှင် **ဤရောဂါကုသရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန Focal Ministry ကနေပြီး INGO, NGO နှင့် အခြားအဖွဲ့အစည်းများက ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျ အကွက်ချပြီး စီမံဆောင်ရွက်မည်ဆိုလျှင် ပိုပြီးသင့်ကြောင်းကို ထပ်လောင်းတင်ပြလိုကြောင်းဖြင့်** ပြောကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ အစည်းအဝေးသတ္တမနေ့တွင် တင်သွင်းခဲ့သော ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေး** အဆိုကို ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်၊ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၊ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊ ကွန်ဟိန်း မဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်နှင့် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးတို့က ဆွေးနွေးကြရာတွင် -

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၂)ပါ အချက်အလက်များသည် တိုင်းရင်းသားများ၏ လူမှုဘဝကို အချိုးညီညီ မျှမျှတတ တိုးတက်လာစေရေးအတွက် အဓိကကျသော အချက်များဖြစ်သည့်အတွက် မဖြစ်မနေ အလေးထားဆောင်ရွက်ရမည့် ကိစ္စများလည်းဖြစ်ပါကြောင်း။

ဤလွှတ်တော်က အလေးအနက်ထားပြီး တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုပြဋ္ဌာန်းရန် လိုအပ်နေပါကြောင်း၊ ယင်းဥပဒေ ပြဋ္ဌာန်းခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို များစွာအကျိုးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုအခါ ဒီမိုကရေစီစနစ်သို့ ရောက်ပြီဖြစ်သည့်အတွက် စနစ်ဟောင်းမှ အယူအဆ အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ပြည်နယ်တိုင်းရင်းသားများ တန်းတူအခွင့်အရေးရရှိရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးသည် အထူးဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်အဖြစ် ချမှတ်ရန်လိုအပ်ပါကြောင်း။

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာနေလင်း မေးမြန်းစဉ်။
(သတင်းစဉ်)

တိုင်းရင်းသားရိုးရာအမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသည့် အခြားတိုင်းရင်းသားမျိုးနွယ်စုငယ်များကိုလည်း ဝိုင်းဝန်းမြှောက်မြောက်ပေးရန်အတွက် ၎င်းတို့၏လိုအပ်ချက် အခွင့်အရေးများကို အဖြေရှာပြီး အမြန်ဆုံး ဥပဒေပြဋ္ဌာန်းဆောင်ရွက်သင့်ပါကြောင်း။

လွတ်လပ်ရေး ရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီစနစ်ကို ပီပြင်စွာ မကျင့်သုံးနိုင်ခဲ့သည့်အတွက် တိုင်းရင်းသားများသည် မိမိတို့၏ကိုယ်ပိုင်အခွင့်အရေး ဆုံးရှုံးလာသောကြောင့် ဝိရောဓိမှုတစ်ဆင့် ပဋိပက္ခအသွင် ကူးပြောင်းလာပါကြောင်း၊ ယနေ့ တိုင်းရင်းသားများနှင့် ပဋိပက္ခဖြစ်ပေါ်နေသည်မှာ နှစ်ပေါင်း (၆၀)ကျော် တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၁)၊ အပိုဒ် (ဃ)တွင် ပါရှိသည့်အတွက် နိုင်ငံသားတိုင်း၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းရမည်ဟု ပါရှိပါကြောင်း၊ သို့ဖြစ်၍ ဥပဒေပြဋ္ဌာန်းပေးရန် အချိန်တန်ပြီဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ မရှိခြင်း၏ အကျိုးဆက်ကြောင့် တိုင်းရင်းသားများစည်းလုံးညီညွတ်မှု ပျက်ပြားခြင်း၊ မျိုးချစ်စိတ်ဓာတ် လျော့နည်းလာခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု နည်းပါးလာခြင်း၊ အုပ်ချုပ်သူလူတန်းစားများအပေါ် အုပ်ချုပ်ခံရသူများက အယုံအကြည် ကင်းမဲ့လာခြင်း၊ တိုင်းရင်းသားများက နိုင်ငံတော်အပေါ် သံသယစိတ်များ ပွားများလာခြင်းတို့ကို ဖြစ်ပေါ်စေပါကြောင်း။

ယခုအဆိုသည် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ အခွင့်အလမ်းများနှင့် သက်ဆိုင်သည့်အပြင် တိုင်းရင်းသားလူမျိုးများ၏ တူညီကြသည့် ဆန္ဒသဘောထားနှင့်လည်း တစ်ထပ်တည်းကျသည့်အတွက် တိုင်းရင်းသားလူမျိုးများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်နေသည်မှာ ပေါ်လွင်ထင်ရှားနေပါကြောင်း။

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့အပြင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရန်လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဆွေးနွေးတင်ပြရာတွင် အဆိုပါ တိုင်းရင်းသားလူမျိုးများထဲတွင် ဗမာအပါအဝင် တိုင်းရင်းသားများအားလုံး ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအား ခွဲခြားဆက်ဆံခြင်းနှင့် ဘာသာရေးခွဲခြားကန့်သတ်မှုများမရှိအောင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အကာအကွယ်ပေး ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းထားသည့်အတိုင်း လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားဆိုသည့် ခံယူချက်ဖြင့် တိုင်းရင်းသားများအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နေထိုင်လျက်ရှိပါကြောင်း၊ ယင်းဥပဒေနှင့်အညီ တိုင်းရင်းသားအားလုံး တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးများ ခံစားခွင့်ရှိကြပါကြောင်း၊ သို့ဖြစ်ပါ၍ ဦးတီခွန်မြတ် တင်သွင်းသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုသည် လျော်ကန်သင့်မြတ်သည့်အတွက် ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆွေးနွေးတင်ပြရာတွင် အဆိုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် ၁၃-၉-၂၀၀၇ ရက်၌ကျင်းပခဲ့သော (၁၀၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် ၆၁/၂၉၅(United Nations Declaration on the Rights of Indigonous Peoples) အရ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းပါ အပိုဒ် ၃၈ နှင့် အပိုဒ် ၄၆-၃ တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များတင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက်သည် Declaration ပါ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ တရားမျှတရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့ကို လေးစားလိုက်နာရေး၊ သာတူညီမျှရေး၊ ခွဲခြားဆက်ဆံမှုပပျောက်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးတို့ကို သဘောရိုးတို့နှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုမည်ဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း၊ ဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင်လည်း ဥပဒေရေးဆွဲသူများအနေဖြင့် ယင်းဥပဒေအရ ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ကောင်းစွာနားလည်ပြီး ဥပဒေပါအကြောင်းအရာများနှင့်စပ်လျဉ်း၍ အနာဂတ်တွင် မည်သို့ကိစ္စများပေါ်ပေါက်လာနိုင်သည်၊ ထိုသို့ ပေါ်ပေါက်လာနိုင်သည့် ကိစ္စရပ်များကို မည်သို့ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရမည်ကို ကြိုတင်မျှော်မှန်း၍ ကျယ်ပြန့်စွာ လေ့လာသုံးသပ်ရေးဆွဲရန် လိုအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုထားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌လည်း ရွေးကောက်ခံတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်(၂၉)ဦးကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်ကာ တိုင်းရင်းသားလူမျိုးရေးရာကိစ္စများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအဆိုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုးရေးရာပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိသော အဆိုတစ်ရပ်ဖြစ်သဖြင့် အတည်ပြုသင့်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေကာကွယ်ရေးဆွဲမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပါ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်လည်းကောင်း၊ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သည့် လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရန်လည်းကောင်း ဆောင်ရွက်သင့်သည့်အချက်များကို ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစားပြီး ရေးဆွဲရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းရင်းသားများ၏ဓလေ့ထုံးစံယဉ်ကျေးမှုများ မတူညီကြသည့်အတွက် တိုင်းရင်းသားအားလုံးနှင့် အကျုံးဝင်သက်ဆိုင်မည့် လျော်ကန်ညီညွတ်မှုရှိမည့် ပြဋ္ဌာန်းချက်များဖော်ပြရန် လိုမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရေးဆွဲပြဋ္ဌာန်းလိုက်သည့် ဥပဒေ၏ရည်ရွယ်ချက်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် မည်သူတွေက မည်သို့တာဝန်ခံဆောင်ရွက်ရမည်ဆိုသည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဟု ယူဆပါကြောင်း၊ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကကြီးမှူး၍ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ပေးအပ်ထားသည့် တိုင်းရင်းသားရေးရာဝန်ကြီးများ ပါဝင်သည့် ကော်မရှင်တစ်ရပ် ဖွဲ့စည်းကာ လွှတ်တော်ကိုယ်စားလှယ်များတင်ပြသကဲ့သို့ ပွင့်လင်းမြင်သာသော ဥပဒေပြုစနစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ သွင်းကုန်ပို့ကုန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သည့် ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အစည်းအဝေး၌ မေးခွန်း(၁)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခု အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားပြီး အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၈ ရက်က ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ပံ့ပိုးကူညီသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒဂုံမြို့နယ် အလုံလမ်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအတွင်းရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (၁၂၂)

ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာအသုံးပြုရန် သတိပေးချက်

ရန်ကုန် ဇူလိုင် ၂၇

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့မှ စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို တိပ်ခွေတွင်ကပ်ထားရမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်းဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ (၃၂)အရ သတ်မှတ်ထားပြီး ဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးများ ကပ်ထားရန် သို့မဟုတ် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် သတိပေးအပ်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ဗီဒီယိုဆင်ဆာအဖွဲ့
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

မြစ်ရေကြီးမှု သတိပေးချက်

နေပြည်တော် ဇူလိုင် ၂၇

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၉ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

❒ *အမျိုးသားလွှတ်တော်မှ*

အလားတူပင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း ယခုအစိုးရလက်ထက်တွင် ထုခွဲရောင်းချခြင်းမရှိပါကြောင်း၊ သို့ရာတွင် ယခင်အစိုးရလက်ထက်က နိုင်ငံတော်ပိုင် အဆောက်အအုံ (၁၄၈၂)ခု လွှဲပြောင်းရောင်းချခဲ့ပြီး (၁၀၉၇)ခု လွှဲပြောင်းရောင်းချရန် ကျန်ရှိနေပါကြောင်း၊ လွှဲပြောင်းရောင်းချသည့် တန်ဖိုးစုစုပေါင်းမှာ ငွေကျပ် (၆၀၂ ဒသမ ၃၁၉)ဘီလီယံဖြစ်ပြီး ငွေကျပ် (၄၂၂ ဒသမ ၁၇၁)ဘီလီယံရရှိပြီးဖြစ်သဖြင့် ငွေကျပ် (၁၈၀ ဒသမ ၁၄၈)ဘီလီယံရရှိရန် ကျန်ရှိနေပါကြောင်း။

ဝန်ကြီးဌာနအသီးသီးမှ လွှဲပြောင်းအပ်နှံထားသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၇၇၅)ခုကို ယခင်အစိုးရလက်ထက်တွင် လွှဲပြောင်းရောင်းချခဲ့ပြီး လက်ကျန်လုပ်ငန်း (၇၈)ခုအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အသစ်မှ ပြန်လည်စိစစ်၍ မူအရ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ရောင်းချသည့်တန်ဖိုးမှာ ငွေကျပ် (၆၆၅ ဒသမ ၅၉၉)ဘီလီယံဖြစ်ပြီး ရရှိပြီးငွေမှာ ငွေကျပ် (၅၀၀ ဒသမ ၃၈၁)ဘီလီယံဖြစ်သဖြင့် ရရန်ကျန်ရှိသည့် ငွေပမာဏမှာ ငွေကျပ် (၁၆၅ ဒသမ ၂၁၈)ဘီလီယံရှိပါကြောင်း။

အထက်ပါရရန်ကျန်ရှိသည့် ငွေများအား သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ တောင်းခံရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်တွင် ပြည်ပမှခရီးသွားများဝင်ရောက်မှု တိုးတက်များပြားလာပါ၍ ခရီးသွားများ တည်းခိုနိုင်ရန်အတွက် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရန်ကုန်တိုင်း စုပေါင်းရုံး၊ ကုန်သည်လမ်းရှိ မြန်မာ့မီးရထားရုံးချုပ်တို့ကို ဟိုတယ်လုပ်ငန်းများဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ရန်ကုန်မြို့ရှိ သမိုင်းဝင်အဆောက်အအုံများဖြစ်သော ဗိုလ်အောင်ကျော်လမ်းရှိ ဝန်ကြီးများရုံး၊ မဟာဗန္ဓုလပန်းခြံအနီးရှိ High Court တို့ကို ရှေးမူလက်ရာမပျောက်ဘဲ ပြတိုက်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း B.O.T စနစ်ဖြင့် တင်ဒါခေါ်ယူလျက်ရှိကြောင်း။

ယခုအစိုးရလက်ထက်တွင် ဥပဒေစည်းမျဉ်းစည်းကမ်းများကို အကြောင်းအမျိုးမျိုးဖြင့် ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခဲ့သောမော်တော်ယာဉ်များအား ထုခွဲရောင်းချမှု တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ သို့ရာတွင် ယခင်အစိုးရကာလက ပြည်သူ့ဘဏ္ဍာသိမ်း မော်တော်ယာဉ် (၆၈၂)စီးကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း လေလံတင်ရောင်းချခဲ့ရာ ငွေကျပ် (၁၅ ဒသမ ၀၁၃)ဘီလီယံကျော်ရှိခဲ့ပြီး ငွေစာရင်းခေါင်းစဉ် (MD-000732, MD-000970) ဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါကြောင်း၊ ပြုပြင် သုံးစွဲနိုင်သည့် အဆင့်ရှိ ယာဉ်များအား နိုင်ငံတော်ဘဏ္ဍာငွေ ခြိုးခြံချွေတာသည့်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ (၅၂၉)စီး ခွဲဝေထုတ်ပေးခဲ့ပြီး ပြုပြင်သုံးစွဲရန် အဆင့်မရှိသည့် ယာဉ် (၂၆၂)စီးကို သံရည်ကျိုဖျက်ဆီးခဲ့ပါကြောင်း၊ နောင်တွင် ပြည်သူ့ဘဏ္ဍာသိမ်း မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ အစိုးရဌာနအသီးသီး၌ ခွဲဝေသုံးစွဲသင့်သည့် ယာဉ်များ ခွဲဝေပေးပြီး သုံးစွဲရန်မသင့်သည့်ယာဉ်များကို သံရည်ကျိုစက်သို့ ပေးပို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **"ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာဌေးဝင်း၏ **"ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ နင်းကြမ်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"**၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးသက်လင်း၏ **"ညောင်တုန်းမြို့နယ်၊ ကြိမ်ပင်ဆယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ဖြေကြားရာတွင် အခြေခံပညာကျောင်းများ၏ အဆောက်အအုံအသစ်ဆောက်လုပ်ပြုပြင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတော်နှင့် မိဘများပူးပေါင်း၍လည်းကောင်း၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုဖြင့်လည်းကောင်း နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်ရှိ ကွဲတလင်းအခြေခံပညာမူလတန်းကျောင်းနှင့် နိကြောဓါရုံ အခြေခံပညာမူလတန်းကျောင်းတို့အား ကြမ်းခင်းပြုလုပ်ပေးရန်၊ ဥပမိရုပ်မကောင်းသော တောင်စလဲကုန်း အခြေခံပညာမူလတန်းလွန်ကျောင်း၊ စိန်သာယာ အခြေခံပညာမူလတန်းကျောင်း၊ ပန်းတော အခြေခံပညာမူလတန်းကျောင်းတို့အား ပြုပြင်ပေးရန်အတွက် စိစစ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ခွဲဝေပေးရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လေးမျက်နှာမြို့နယ်၊ နင်းကြမ်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းတွင် အလယ်တန်းအဆင့်ကျောင်းသား (၁၃၅)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း။

ညောင်တုန်းမြို့နယ်၊ ကြိမ်ပင်ဆယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)တွင် အလယ်တန်းအဆင့် ကျောင်းသား (၂၇၇)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"အရန်ဆန်တန် (၁)သန်း ဝယ်ယူသွားမည့် လုပ်ငန်းအစီအစဉ်ကို သိရှိလိုခြင်း"**နှင့် **"နိုင်ငံတော်အတွင်းသို့ တရားမဝင် (မှောင်ခိုနည်းလမ်းစုံဖြင့်) အခွန်မဲ့ဝင်ရောက်လာသော လူသုံးကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးဖော်ထုတ် အရေးယူမှုများကို သိရှိလိုခြင်း"** မေးခွန်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဖြေကြားရာတွင် ပထမမေးခွန်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဆန်ဈေးကွက်မှာ အိန္ဒိယနိုင်ငံမှ အရန်ဆန်တန်နှစ်သန်းကို ထုတ်ရောင်းခဲ့သည့်အတွက် ကမ္ဘာ့ဆန်ဈေးများကျဆင်းခဲ့ခြင်းကြောင့် ပြည်တွင်း၌ ၂၀၁၁-၂၀၁၂ မိုးစပါးများ ထွက်ပေါ်လာချိန်တွင် စပါး၊ ဆန်ဈေးနှုန်းများ နိမ့်ကျနေသည့်အတွက် တောင်သူလယ်သမားများ တွက်ခြေမကိုက်သည့်အခြေအနေ ဖြစ်ခဲ့ရကြောင်း၊ ပြည်တွင်းဆန်စပါးဈေးနှုန်းသင့်တင့်စွာ ဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးမှာ နိုင်ငံတော်မှ အရင်းမပျောက် လှည့်ပတ်ရင်းနှီးငွေမှ ငွေကျပ် (၁၀)ဘီလီယံ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ငွေကျပ် (၁၀)ဘီလီယံ၊ ဗဟိုသမဝါယမအသင်းမှ ငွေကျပ် (၁၀)ဘီလီယံ၊ စုစုပေါင်း ငွေကျပ် (၃၀)ဘီလီယံ စတင်ထည့်ဝင်ရန် လျာထားခဲ့ကြောင်း၊ အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီက ဆပ်ကော်မတီ(၄)ခု ဖွဲ့စည်းပြီး တောင်သူလယ်သမားများ ရသင့် ရထိုက်သည့် စပါးဈေးနှုန်းကို ညှိနှိုင်းတွက်ချက်၍ မိုးစပါးကို သတ်မှတ်အရည်အသွေးမီ (၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀)လျှင် ငွေကျပ် (၃၃၀၀၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခဲ့ကြောင်း၊ သို့ရာတွင် ရာနှုန်းပြည့်အောင်မြင်မှု မရှိခဲ့ကြောင်း။

နွေစပါးများ ဝယ်ယူချိန်တွင် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီနှင့် အသင်းအဖွဲ့များ၊ ဆန်စပါးကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စပါးအထူးပြုကုမ္ပဏီများ ညှိနှိုင်းရရှိချက်အရ သတ်မှတ်အရည်အသွေးမီ (၄၆)ပေါင်ကိုက်စပါးတင်း (၁၀၀)လျှင် ငွေကျပ် (၃၂၀၀၀၀)နှုန်းဖြင့် အဝယ်ကိုယ်စားလှယ်များထားပြီး ဝယ်ယူခဲ့သော်လည်း အကန့်အသတ်ဖြင့်သာ ဝယ်ယူနိုင်ခဲ့ကြောင်း။

ဆန်စပါးသီးနှံ၏ သဘောသဘာဝအရ သိုလှောင်မှုကာလကြာမြင့်ပါက အရည်အသွေးကို ထိခိုက်သည့်အပြင်လျော့နည်းမှုရှိနိုင်သည့်အတွက် ယခုဝယ်ယူသိုလှောင်ရရှိထားပြီးဖြစ်သည့် ဆန်များကို တာရှည်သိုလှောင်ထားခြင်းမပြုဘဲ ရောင်းချခြင်း၊ လာမည့် မိုးစပါးကထွက်ရှိလာမည့် စပါး၊ ဆန်များကို နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူထားရှိဖလှယ်ပြီး ပျက်စီးဆုံးရှုံးလျော့နည်းမှုမဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့အထိဝယ်ယူထားပြီးသည့် အရန်ဆန်မှာတန်ချိန်၃၇၂၈၄တန်ဖြစ်ကြောင်း။

ယခု စိုက်ပျိုးထားသည့် ၂၀၁၂-၂၀၁၃ မိုးစပါးများ ထွက်ပေါ်လာချိန်တွင် စပါး၊ ဆန်ဈေးနှုန်း ကျဆင်းမှုကြောင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုကို သက်သာခွင့်ရရှိစေရန်နှင့် နိုင်ငံတော်အတွက် အရေးပေါ်ကိစ္စများတွင် လိုအပ်သည့်အစီအမံအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် မိုးစပါးများ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူနိုင်မည့် ပမာဏ၊ ဝယ်ယူမည့်ကာလတို့ကို ညှိနှိုင်းသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေသအလိုက် ဝယ်ယူမည့်အရေအတွက်၊ ဝယ်ယူမည့်အစီအစဉ်များကို အချိန်မီ အသိပေးထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားရာတွင် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ(၇၇၈)သန်းဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ(၃၃၆၇)သန်းအထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တရားမဝင်ကုန်ပစ္စည်းဝင်ရောက်မှုကို ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ အမှုတွဲပေါင်း (၁၁၄၅၇)ခု၊ ခန့်မှန်းတန်ဖိုး စုစုပေါင်းငွေကျပ် (၄၇ ဒသမ ၅၃၂)ဘီလီယံကို တားဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းသို့တားဆီးနိုင်ခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏတိုးတက်လာသည့်အပြင် ပြည်သူလူထုကို အန္တရာယ်ဖြစ်စေနိုင်သည့် လူသုံးကုန်၊ စားသောက်ကုန်၊ စားအုန်းဆီနှင့် ဆေးဝါးများ၊ မူးယစ်ဆေးဝါးနှင့် ကျောက်မျက်ရတနာများကို တားဆီးအရေးယူနိုင်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး မေးမြန်းစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်တွင် ကန့်သတ်ကုန်ပစ္စည်းများ စစ်ဆေးသည့်စခန်းများဖြစ်သည့် ရေပူကုန်ပစ္စည်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်းကုန်ပစ္စည်းစစ်ဆေးရေးစခန်းတို့မှ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအား ရုပ်သိမ်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ အလားတူ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်မှစပြီး စခန်းအလိုက်ကုန်စစ်ဆေးခြင်းလုပ်ငန်းတာဝန်များနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကို သက်ဆိုင်သည့်ဌာနဆိုင်ရာအဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအတွက် အကောက်ခွန်ဌာနနှင့် ရဲတပ်ဖွဲ့တို့ကသာ အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂ ခုနှစ်အတွင်း ပြည်တွင်းသို့ တရားမဝင်ကုန်ပစ္စည်းများနှင့် ဆိုင်ကယ်၊ လူသုံးကုန်၊ စားသောက်ကုန်၊ စားသုံးရန်မသင့်သည့် ဆီနှင့်ဆေးဝါးများအပါအဝင် ပြည်သူလူထုအန္တရာယ်ဖြစ်စေမည့် ကုန်ပစ္စည်းများ ပိုမိုဝင်ရောက်လာသည့်အတွက် စနစ်တကျ တားဆီးနိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က တရားမဝင်ကုန်ပစ္စည်းဝင်ရောက်မှုများ တားဆီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံအသိုင်းအဝိုင်း (AEC) ဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လက်အောက်တွင် စားသုံးသူများ အကာအကွယ်ပေးရေးလုပ်ငန်းကော်မတီကို အဓိကတာဝန်ယူဖွဲ့စည်းပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် အနာဂတ်တွင်လည်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို နယ်စပ်ကုန်သွယ်မှုစခန်းများနှင့် ပင်လယ်ရေကြောင်း ဆိပ်ကမ်းများအပါအဝင် ကုန်ပစ္စည်းဝင်ရောက်နိုင်သည့် ဝင်ပေါက်နေရာများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဌာနများ၏ ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့အပြင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကလည်း နယ်စပ်ဝင်ပေါက်မြို့များနှင့် တရားမဝင်မှောင်ခိုတင်သွင်းရာ လမ်းကြောင်းများကို ထိန်းချုပ်နိုင်သည့် နေရာဒေသများတွင် အကောက်ခွန်ရုံးများ ဖွင့်လှစ်ပြီး တရားမဝင်တင်သွင်း/တင်ပို့မှုများကို ကာကွယ်တားဆီးလျက်ရှိကြောင်း သိရှိရပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီအတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်းနှင့် ကော်မတီဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်တို့က ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားပြီး (၁၇) ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေး၌ မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

ဒေသတွင်းစားသုံးမှုသာမက အခြားမြို့များကိုပါ တင်ပို့ရောင်းချနိုင်သည့်စိမ်းစားသခွား

တပ်ကုန်း ဇူလိုင် ၂၇

စိမ်းစားသခွားကို ဒေသတွင်းစားသုံးမှုသာမက အခြားမြို့ကြီးများသို့တိုင် တင်ပို့နိုင်သည်အထိ စီးပွားဖြစ် အများအပြား စိုက်ပျိုးနေကြောင်းကို ဇူလိုင် ၂၇ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်မှ သခွားစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။

စိုက်သည့်မျိုးမှာ စိမ်းစားသခွား ၉၆၄ ဖြစ်သည်။ တစ်ဧကလျှင် အပင်ပေါင်း ၄၅၀၀ ခန့်စိုက်ပျိုးနိုင်ပြီး တစ်ပင်လျှင် ၁၀ လုံးမှ ၁၂ လုံးအထိသီးကြောင်း သိရသည်။ ယခု အချိန်တွင် အရွယ်အကြီးအသေးကို လိုက်၍ တစ်လုံးလျှင် ငွေကျပ် ၃၀ မှ ၁၀၀ ကြား ဈေးရသည်။ "ထွက်ရှိတဲ့သခွားတွေကို အခြားဒေသတွေအထိပါ တင်ပို့နေရပါတယ်။ သခွားကို စီးပွားဖြစ် အများအပြားစိုက်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ဒီဒေသကလူတွေ လတ်လတ်ဆတ်ဆတ် စားနိုင်အောင်ပါ၊ ပိုတာတွေကိုတော့ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်စတဲ့ မြို့ကြီးတွေအထိ တင်ပို့ရောင်းချပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သခွားပင်စိုက်ပျိုးရန် ပျိုးရက် ၁၀ ရက်၊ စိုက်ပြီး ၃၅ ရက် စုစုပေါင်း ၄၅ ရက်တွင် အသီး စသီးနေပြီဖြစ်သည်။ "စိမ်းစားသခွားကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပေမယ့် ဆောင်းရာသီ တန်ဆောင်မုန်းလမှ ပြာသိုလအတွင်း အဖြစ်နည်းတတ်ပါတယ်။ ဒါ့အပြင် အပင်သက်တမ်းရင့်လာတဲ့အခါ ရွက်ထိုးပိုး၊ ပျိုးတွေအပြင် မှိုရောဂါတွေလည်း ဖြစ်တတ်တဲ့အတွက် ဂရုစိုက်ရတာမျိုးတွေလည်း ရှိပါတယ်" ဟု အဆိုပါတောင်သူက ပြောပြခဲ့သည်။ **(ရဲနန္ဒာဇော်)**

ဦးထွန်းတင်-ဒေါ်ရွှေခိုင်(အလုံ)တို့အားရည်စူး၍ အမှတ်-၂၄ မဉ္ဇူလမ်း ပါရမီရိပ်သာ ရန်ကင်းမြို့နယ်နေ ဦးအုန်းမောင်-ဒေါ်တင်နွဲ့အေး မိသားစုက ဦးအုန်းမောင်၏ အသက်(၈၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (မြန်မာ့အလင်း)

ဂေါက်သီးရိုက်သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၇

HAN Golf Masters မှ အဆင့်မြင့်ဂေါက်သီးရိုက် နည်းပြများဖြစ်ကြသော ဦးချမ်းဟန်၊ ဦးကိုကိုလေးတို့ ဦးစီးပြီး Junior လူငယ်များအတွက် ဂေါက်သီးရိုက်အားကစားသင်တန်းနှင့် ဂေါက်သီးရိုက်အားကစား အခြေခံအဆင့် ပြီးမြောက်အောင်မြင်သူများအတွက် (Intermediate Course) သင်တန်းများကို ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့၊ (Asia Center Golf Driving Range)တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများသည် (Asia Center Golf Driving Range)ရှိ HAN Golf Masters Pro-Shop ဖုန်း-၀၉-၂၀၁၇၆၃၉ နှင့် ၀၉-၈၆၀၄၀၁၅ တို့သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အင်္ဂပူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

အင်္ဂပူ ဇူလိုင် ၂၇

အင်္ဂပူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်စီမံချက်ဖြင့် ဇူလိုင် ၁၄ ရက်က ကျိုကြီးကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မြို့နယ် ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများက ကျေးရွာပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး အိမ်ထောင်စုစာရင်း ပြုလုပ်သူ ၄၀ နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြုလုပ်သူ ၅၀ တို့အား နေ့ချင်းပြီး ပြုလုပ်ပေးအပ်ခဲ့သည်။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ
၂၇-၇-၂၀၁၂

စစ်တွေမြို့	၇ ဒသမ ၈၃ လက်မ
မြိတ်မြို့	၇ ဒသမ ၁၃ လက်မ
လောင်းလုံမြို့	၅ ဒသမ ၃၁ လက်မ
ချောင်းဆုံမြို့	၅ ဒသမ ၁၂ လက်မ
ကျောက်တော်မြို့	၄ ဒသမ ၂၉ လက်မ
ထားဝယ်မြို့	၃ ဒသမ ၇၈ လက်မ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၂၀၁၂ ခုနှစ်၊ တင်သွင်းလွှာအမှတ်-၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
၂၀၁၂ခုနှစ်၊ တင်သွင်းလွှာအမှတ်-၃

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် တင်သွင်းသည့်ပုဂ္ဂိုလ်အတွက်	-	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုယ်တိုင်
ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ် အတွက်	-	နိုင်ငံတော်ကိုယ်စား ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးမြင့်ဝင်း

ဆုံး ဖြတ် ချက်

ရက်စွဲ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်ဖော်ပြပါရှိသည့်ကဏ္ဍများအတွက် ဥပဒေပြုခြင်းနှင့်စပ်လျဉ်း၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)နှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယကမှတစ်ဆင့် ဤတင်သွင်းလွှာကို တင်သွင်းခြင်းဖြစ်သည်။

တင်သွင်းလွှာတွင် ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေသည် တည်ဆဲဥပဒေဖြစ်ကြောင်း၊ ယင်းဥပဒေအရ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်တို့ကို လုပ်ပိုင်ခွင့်များအပ်နှင်းထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ဖော်ပြထားသည့် ပြည်ထောင်စုဥပဒေပြုစာရင်း ဇယား ၁ တွင် "စည်ပင်သာယာရေး"မပါဝင်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရဖော်ပြသည့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေပြုစာရင်းဇယား ၂ တွင် "စည်ပင်သာယာရေး"ဟုဖော်ပြ ပြဋ္ဌာန်းထားကြောင်း၊ ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဦးစီးဌာနမရှိတော့ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များက ဖော်ပြပါဇယား ၂ အရ စည်ပင်သာယာဥပဒေမပြဋ္ဌာန်းနိုင်သေးခြင်းတို့ကြောင့် စည်ပင်သာယာလုပ်ငန်းများကို ယခင်ရေးဆွဲကျင့်သုံးခဲ့သည့် By Laws များကို အခြေခံကာဆက်လက်ဆောင်ရွက်ရမည့်အနေအထားဖြစ်နေကြောင်း၊ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် "စည်ပင်သာယာရေး"ပါဝင်ခြင်း မရှိသည့်အတွက် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်မည့် အခြေအနေမရှိကြောင်း၊ ယင်းဥပဒေကိုပယ်ဖျက်သည့် ဥပဒေပြဋ္ဌာန်းနိုင်သည့်အခြေအနေသာရှိကြောင်း၊ ပြည်နယ်လွှတ်တော်သည် ဇယား ၂ ပါ ဥပဒေပြုရန် ကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်ကပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားရာ ပြည်နယ်လွှတ်တော်က စည်ပင်သာယာရေးအဖွဲ့များဥပဒေအပါအဝင် ဇယား ၂ ပါ ဥပဒေများကို ဥပဒေပြုရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးက အောက်ပါအချက်များနှင့်စပ်လျဉ်းပြီး အဓိပ္ပာယ်ဖွင့်ဆိုပေးရန်ဖြစ်ကြောင်း ဖော်ပြထားသည်-

(က) ဥပဒေပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆နှင့် ဆန့်ကျင်ခြင်း ရှိ /မရှိ သို့မဟုတ် မဆန့်ကျင်ဘဲဆောင်ရွက်ရမည်၊

(ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက် အချို့တို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ/မရှိ၊

(ဂ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိနေပါက အခြေခံဥပဒေပုဒ်မ ၄၄၇ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြန်လည်ရှင်းလင်းရာတွင် တင်သွင်းလွှာပါ တင်ပြချက်(က)နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ဥပဒေပြုခြင်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၅ တို့တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၂၈ မှ ၁၃၈ အထိ၊ ၁၄၈၊ ၁၄၉၊ ၁၅၀ တို့တွင်လည်းကောင်း ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် စာပိုဒ် ၈ စီမံခန့်ခွဲရေးကဏ္ဍ၊ စာပိုဒ်ခွဲငယ်(က) စည်ပင်သာယာရေးဟု ဖော်ပြထားသဖြင့် မွန်ပြည်နယ်လွှတ်တော်အနေဖြင့် စည်ပင်သာယာရေးကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းခွင့်ရှိကြောင်း၊ တင်ပြချက် (ခ)နှင့်စပ်လျဉ်း၍ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃ ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ရာ ယင်းဥပဒေကိုပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုရန်ကိစ္စမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးသည့် ပြည်ထောင်စုလွှတ်တော်ကသာလျှင် ဆောင်ရွက်ခွင့်ရှိကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ ပြဋ္ဌာန်းချက်အရ တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှအတည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေအပါအဝင် တည်ဆဲဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်း တင်ပြသည်။

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ကိုယ်တိုင်လျှောက်လဲတင်ပြရာတွင် စည်ပင်သာယာရေးအဖွဲ့များဥပဒေအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုရန်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ဥပဒေပြုခြင်းနှင့်စပ်လျဉ်း၍ (က) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ နှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ သို့မဟုတ် မဆန့်ကျင်ဘဲဆောင်ရွက်ရမည်၊ (ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အချို့တို့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်း များရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ /မရှိ (ဂ)တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်း များရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီး မှသာ ဆောင်ရွက်ခွင့်ရှိသည်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါအတိုင်း "စည်ပင်သာယာရေး" ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆၊ ၄၄၇ တို့အရ ဆောင်ရွက်ခြင်းကို စောင့်ဆိုင်းရမည်ဆိုသည်ကို ရှင်းလင်းအဓိပ္ပာယ်ဖွင့်ဆိုပေးရမည့်အခြေအနေသို့ ရောက်ရှိနေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ" အပိုဒ်ခွဲ (ဂ) "မြေယာခွန်"၊ အပိုဒ်ခွဲ(ဃ) "ယစ်မျိုးခွန် (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့်ဆေးဝါး များမပါ)"ဟု ဖော်ပြပါရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများတွင် (၁) "မြေယာခွန်"၊ (၂) "ယစ်မျိုးခွန်"ဟု ပါရှိကြောင်း၊ ယင်းပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က "မြေယာခွန်" (မြေယာစီမံခန့်ခွဲမှုမပါ)၊ "ယစ်မျိုးခွန်"များကို ဥပဒေပြဋ္ဌာန်းပြီး ကောက်ခံရမည့်သဘောဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စု ဥပဒေပြုစာရင်း အပိုဒ် ၅၊ "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ" အပိုဒ်ခွဲ(က) "မြေယာစီမံခန့်ခွဲမှု"၊ အပိုဒ် ၁၀၊ "စီမံခန့်ခွဲရေး ကဏ္ဍ" အပိုဒ်ခွဲ(ခ) "ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မြေယာစီမံခန့်ခွဲမှု၊ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲမှုတို့သည် ပြည်ထောင်စု အဆင့်က ကိုင်တွယ်ကျင့်သုံးသော လုပ်ပိုင်ခွင့်ဖြစ်ပြီး မြေခွန်သတ်မှတ်ပြဋ္ဌာန်းခွင့်၊ အခွန်ကောက်ခံခွင့်တို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်က ကိုင်တွယ် ကျင့်သုံးသောလုပ်ပိုင်ခွင့်ဖြစ်ကြောင်း၊ "ယစ်မျိုးလုပ်ငန်း"နှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲယစ်မျိုးဥပဒေများတွင် အခွန်အခများကို သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ယစ်မျိုးစီမံခန့်ခွဲမှုကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ တွင် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တွင်လည်းကောင်း ဖော်ပြထားသည်ကို မတွေ့ရကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များက ဥပဒေပြုရန် သတ်မှတ်ပေးထားသော မြေယာခွန်၊ ယစ်မျိုးခွန်ဥပဒေပြဋ္ဌာန်း ရေးမှာ တည်ဆဲမြေယာစီမံခန့်ခွဲမှု၊ ယစ်မျိုးစီမံခန့်ခွဲမှုဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့် ရောထွေး၊ ကွဲလွဲ၊ ဆန့်ကျင်မှုများ ရှိနိုင်သည့်အခြေအနေကို တွေ့ရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အပိုဒ်(၃) "စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍ" အပိုဒ်ခွဲ(ဃ)တွင် "စိုက်ပျိုးစရိတ်ချေးငွေနှင့်စုငွေများ"ဟု ဖော်ပြထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပါ သက်ဆိုင်ရာကဏ္ဍများ၌ စိုက်ပျိုးစရိတ်ချေးငွေများနှင့် စုငွေများကိစ္စပါဝင်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့က စိုက်ပျိုးစရိတ်ချေးငွေနှင့် စုငွေများ ဥပဒေပြဋ္ဌာန်းခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် တည်ဆဲဖြစ်သော "မြန်မာ့စိုက်ပျိုး ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေအရ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး ခြင်း၊ စုဆောင်းခြင်းတို့နှင့် သီးခြားဆောင်ရွက်နိုင်ခြင်း ရှိ မရှိကို ကွဲပြားစွာ ရှင်းလင်း ဖွင့်ဆိုပေးရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန် အလို့ငှာ ပြည်ထောင်စုအဆင့်မှ လျှပ်စစ်ဥပဒေအသစ် ပြဋ္ဌာန်းခြင်းဖြင့်ဖြစ်စေ၊ ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေကို အကြီးစား၊ အလတ်စား၊ အသေးစားခွဲခြားသည့် ပြင်ဆင် ချက်ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ပြီးမှသာလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဥပဒေပြုခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်မည်ဆိုခြင်းကို ကွဲပြားစွာ ရှင်းလင်းဖွင့်ဆိုပေးရန်လိုအပ်ကြောင်း၊ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါအတိုင်း ၁၉၉၂ ခုနှစ် ဆားလုပ်ငန်းဥပဒေကို ပယ်ဖျက် ရန် လိုအပ်မှု ရှိ မရှိ ပြည်ထောင်စုအဆင့်နှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်စသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပေးရမည့်အခြေအနေရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် ၇၊ "လူမှုရေး ကဏ္ဍ" အပိုဒ်ခွဲ (ဃ)တွင် "ကုန်တင်ကုန်ချလုပ်ငန်း"ဟု ဖော်ပြပါရှိကြောင်း၊ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ ဥပဒေပြု ခွင့် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ကုန်တင်ကုန်ချအလုပ်သမားများ နှင့်ပတ်သက်ပြီး လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေစည်းမျဉ်းအမိန့် များကို ဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပယ်ဖျက်ရန်လိုအပ်မှု ရှိ မရှိ ပြည်ထောင်စု အဆင့်နှင့် ညှိနှိုင်းဆောင်ရွက်သွားရမည် စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပေးရမည့် အခြေအနေရှိကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ လုပ်ငန်းကိစ္စရပ်များကို တည်ဆဲဥပဒေများ ဖြင့် ဆောင်ရွက်နေခြင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လွှဲပြောင်းခွဲဝေ ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုပေးမည်ဆိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုရေးလုပ်ငန်း သက်ဝင် လှုပ်ရှားလာနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ စည်ပင်သာယာရေး လုပ်ငန်းများ အပါအဝင် ဥပဒေများ ရေးဆွဲဆောင်ရွက်ရာ၌ မှားယွင်းတိမ်းစောင်းမှု မရှိစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆၊ ၄၄၇ တို့နှင့်ဆက်စပ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုပေးရန်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

နိုင်ငံတော်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်းက လျှောက်လဲတင်ပြရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ၏ ဥပဒေပြုခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၅ တို့တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်း ဥပဒေများ၊ နည်းဥပဒေ ၁၂၈ မှ ၁၃၈ အထိ၊ ၁၄၈၊ ၁၄၉၊ ၁၅၀ တို့တွင်လည်း ကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် စာပိုဒ် ၈။ စီမံခန့်ခွဲရေး ကဏ္ဍ၊ စာပိုဒ်ခွဲငယ်(က) စည်ပင်သာယာရေးဟု ဖော်ပြထားသဖြင့် မွန်ပြည်နယ် လွှတ်တော်အနေဖြင့် စည်ပင်သာယာရေးကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းခွင့် ရှိပါ ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေပြုရန် သတ်မှတ်ထား သော မြေယာခွန်၊ ယစ်မျိုးခွန် ဥပဒေပြဋ္ဌာန်းရေးမှာ ပြည်ထောင်စုအဆင့်မှ ယခင် သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲမြေယာစီမံခန့်ခွဲမှု၊ ယစ်မျိုးစီမံခန့်ခွဲမှု ဥပဒေ များပါ ပြဋ္ဌာန်းချက်များနှင့် ရောထွေးကွဲလွဲဆန့်ကျင်မှုများရှိနိုင်သည်ဟူ၍လည်း ကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ စာပိုဒ် ၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စာပိုဒ်ခွဲ(ဃ) စိုက်ပျိုးရေးချေးငွေနှင့် စုငွေများဟု ဖော်ပြထား သော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေအရ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ စုဆောင်းခြင်းရှိသည့်အတွက် သီးခြားဆောင်ရွက်နိုင်သည်ဆိုခြင်းကို ကွဲပြားစွာ ရှင်းလင်းပေးစေလိုသည်ဟူ၍လည်းကောင်း၊ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်လျက်ရှိသော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးနှင့်ပတ်သက်ပြီး အကြီးစား၊ အလတ်စား၊ အသေးစားဟူ၍ ခွဲခြားဖော်ပြထား ခြင်းမရှိသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ် စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ဥပဒေပြုရာတွင် တည်ဆဲဥပဒေနှင့် ရောထွေးဆန့်ကျင်နိုင်သည်ဟူ၍လည်းကောင်း၊ ၁၉၉၂ ခုနှစ် ဆားလုပ်ငန်းဥပဒေမှာ တည်ဆဲဥပဒေဖြစ်သောကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများ စာပိုဒ် ၁၅ ပါ ဆားခွန်အတွက် ဥပဒေပြုရာတွင် တည်ဆဲဆားလုပ်ငန်းဥပဒေနှင့် ဆန့်ကျင်နိုင်သည်ဟူ၍လည်း ကောင်း၊ ထို့အတူဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း စာပိုဒ် ၇။ လူမှုရေးကဏ္ဍ၊ စာပိုဒ်ခွဲ (ဃ)၊ ကုန်တင်ကုန်ချလုပ်ငန်းဟု ပါရှိသဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း ဥပဒေအမိန့်များ နှင့် ရောထွေးဆန့်ကျင်နိုင်သည်ဟူ၍လည်းကောင်း တင်ပြထားသည်ကို တွေ့ရှိရ ကြောင်း၊ ရောထွေးနေသည်ဆိုသောဥပဒေများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၄၆ အရ တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင် သမျှ အတည်ဖြစ်နေပါကြောင်း၊ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုရန်ကိစ္စမှာ ပြည်ထောင်စုလွှတ်တော်ကသာ ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေအပါ အဝင် တည်ဆဲဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည် ဖြစ်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ပါ ပြဋ္ဌာန်းချက်အရ ဇယား ၂ ပါကိစ္စများ အား ဥပဒေပြုပိုင်ခွင့်ရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲသာလျှင် ပြဋ္ဌာန်းခွင့်ရှိမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးကိစ္စ များကို ဥပဒေပြုခြင်းအပေါ် ဆောင်ရွက်ရမည့်အစီအစဉ်ကို ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၏ ၈-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၃၅၂/၃၄၉ အထွေထွေ ၃-၄၄/ အဖရ(၂၀၁၂)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၉-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၄၀၉/၃၄၀-အထွေထွေ ၃-၄၄/အဖရ (၂၀၁၂)တို့အရ ညွှန်ကြားခဲ့ပြီးဖြစ်ရာ ယင်းအစီအစဉ်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သို့ပါ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် များက ဥပဒေပြုရန်ကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်စေဘဲ ဆောင် ရွက်ခွင့်ရှိသည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန်ဖြစ်ပါကြောင်း လျှောက်လဲတင်ပြ သည်။

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်သွင်းသည့် တင်သွင်းလွှာကို စိစစ်ကြည့် ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးမပါဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးဟု ပြဋ္ဌာန်းပါရှိ သည်။ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည်လည်း တည်ဆဲဥပဒေ တစ်ရပ်အဖြစ် တည်ရှိနေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် တည်ဆဲ ဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထား သည်။ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အနေဖြင့် စည်ပင် သာယာရေးအဖွဲ့များဥပဒေအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုရန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးက အောက်ပါအကြောင်းအရာများကို ရှင်းလင်းအဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြခြင်းဖြစ်ကြောင်း တွေ့ရသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ သို့မဟုတ် မဆန့်ကျင်ဘဲဆောင်ရွက်ရမည်၊

(ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေ ခြင်း၊ ရောထွေးနေခြင်းများရှိပါက တည်ဆဲဥပဒေ[…] ပါ ပြဋ္ဌာန်းချက်အချို့တို့သည် ပယ်ဖျက်ခြင်း၊ ပြ[…] သောကြောင့် အတည်ဖြစ်နေခြင်း ရှိ မရှိ၊

(ဂ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အ[…] ဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်မျ[…] ရောထွေးနေခြင်းများရှိနေပါက ဖွဲ့စည်းပုံအခြေ[…] အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဆေ[…]

မွန်ပြည်နယ်လွှတ်တော်၏ တင်ပြချက်များနှင့်စပ်လျဉ်း[…] ဥပဒေပါ ဥပဒေပြုပိုင်ခွင့်နှင့် သက်ဆိုင်သော အောက်ပါပြဋ္ဌာ[…] ဖော်ပြလိုပေသည်-

ပုဒ်မ ၉၆။ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁[…] သော ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်[…] တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏[…] အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန်[…]

ပုဒ်မ ၁၈၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှ[…] ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်[…] ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် […] အတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ်[…] တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရေ[…] ပြုခွင့်ရှိသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအ[…] အရ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထား[…] စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထို့အတူ တိုင်းဒေသကြီး[…] လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား[…] သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍများနှင့်စပ်လျဉ်[…] ရှိသည်။

ထိုကဲ့သို့ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး […] လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်ကို ဇယား ၁၊ ဇယား ၂[…] ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် မွန်ပြည်[…] ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာ[…] ပိုင်ခွင့်အပြည့်အဝရရှိပြီး ဖြစ်ပေသည်။ မွန်ပြည်နယ်လွှတ်တော်[…] ပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံး[…] သည်။ သို့ဖြစ်ပေရာ မွန်ပြည်နယ်လွှတ်တော်သည် စည်ပင်သာ[…] ကို ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်နယ်[…] အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ပြဋ္ဌ[…] ထင်ရှားသည်။

သို့ရာတွင် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥ[…] ဥပဒေတစ်ရပ်အဖြစ် တည်ရှိနေပေရာ ဤအခြေအနေတွင် မွန်[…] က စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်း[…] ညီညွတ်မှု ရှိ မရှိ ဆက်လက်စိစစ်ရန် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် အောက်ပါအတို[…]

ပုဒ်မ ၄၄၆။ တည်ဆဲဥပဒေများသည် ပြည်ထေ[…] ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအ[…] ကျင်သမျှ အတည်ဖြစ်သည်။

နှစ်ဖက်တင်ပြချက်များအရ ပြည်ထောင်စုလွှတ်တေ[…] စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်[…]

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထေ[…] တွင် စည်ပင်သာယာရေးအဖွဲ့နှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် […] ခြင်း မရှိပေ။ ထို့ကြောင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီ[…] ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ဟူ၍ ပြည်ထောင်စု[…] ခန့်အပ်ထားခြင်းမရှိတော့ပေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်[…] ရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည်ကို တွေ့ရသ[…] ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြည်ထောင်စုလွှ[…] က ပိုမိုသင့်မြတ်လျော်ကန်မည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်[…] စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းခြင်းမရှိစေ[…] လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ပြဋ္ဌာန်းချ[…] သည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဇယား ၂ ပါအတ[…] ရေးဥပဒေကို ပြဋ္ဌာန်းလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်[…] ပေ။ ပြည်နယ်လွှတ်တော်ဥပဒေပြုပိုင်ခွင့်အာဏာကိုကျင့်သုံး၍ […] သာယာရေးဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်က[…] အဓိကအရေးကြီးပေသည်။

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စည်ပင်သာယာ[…] ဥပဒေပြုခွင့်ကို တင်ပြသည့်နည်းတူ အောက်ဖော်ပြပါ ကိစ္စရ[…] တည်ဆဲဥပဒေများနှင့်ကွဲလွဲခြင်း၊ ရောထွေးနေခြင်းကိုလည်း […] ဖွင့်ဆိုပေးရန် တင်ပြထားသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်း[…] ပြည်နယ်ဥပဒေပြုစာရင်းပါ စိုက်ပျိုးစရိတ်ချေးငွေ[…] ဥပဒေပြဋ္ဌာန်းချက်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေ[…] စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်း စုဆောင်းခြင်း[…] တို့ကို သီးခြားစီဆောင်ရွက်နိုင်ရန် တင်ပြချက်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်း[…] ပြည်နယ်ဥပဒေပြုစာရင်းပါ စွမ်းအင်၊ လျှ[…]

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၈း၀၅	ကဗျာပန်းဥယျာဉ်
၈း၃၀	**မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်**
၈း၄၀	International News

နေ့လယ်ပိုင်း

၁၁း၀၀	စစ်သည်တေး
၁၁း၅၀	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၂၅)
၁၄း၄၅	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၅၀	International News

ညပိုင်း

၄း၁၀	တေးဂီတအစဉ်
၄း၃၀	**အလှော်အစား**
၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅	ယဉ်ကျေးလိမ္မာ ကလေးတို့ကမ္ဘာ
၆း၀၀	ညနေခင်းသတင်း
၆း၂၅	**အနုပညာရှင်နှင့်ရင်ခုန်စရာ ညချမ်း**
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများတဲ့အချစ်** (အပိုင်း-၁၈)
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - ကာတွန်းအစီအစဉ် **ဒိုင်နိုဆောကမ္ဘာ** (ဒိုင်နိုဆောရဲ့မိတ်ဆွေ)

မြဝတီရုပ်မြင်သံကြား

၂၈-၇-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၄	နိုင်ငံတော်သီချင်း
၇း၀၅	တရားတော်
၇း၂၅	မျိုးချစ်တပ်မတော်
၇း၄၀	မြန်မာ[…]
၈း၀၀	မြဝတီ[…]
၈း၁၅	မြန်မာ[…]

နေ့လ[…]

၁၂း၀၀	မြဝတီ[…] **ရုပ်ပြ[…]** မြင့်မြ[…] သရုပ်[…]

...ခုနှစ်၊ တင်သွင်းလွှာအမှတ်-၃၏ ဆုံးဖြတ်ချက်ကို သတင်းထုတ်ပြန်

ခြင်း၊ ရောထွေးနေခြင်းများရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ မရှိ၊

(ဂ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိနေပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

မွန်ပြည်နယ်လွှတ်တော်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ...ဒေပါ ဥပဒေပြုပိုင်ခွင့်နှင့် သက်ဆိုင်သော အောက်ပါပြဋ္ဌာန်းချက်များကို ဦးစွာ...ပြလိုပေသည်-

ပုဒ်မ ၉၆။ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန်ဥပဒေပြုခွင့်ရှိသည်။

ပုဒ်မ ၁၈၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ...ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် ...လျဉ်း၍ ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ...်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး ...ဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍများနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့် ...ည်။

ထိုကဲ့သို့ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ...်တော်များ၏ ဥပဒေပြုပိုင်ခွင့်ကို ဇယား ၁၊ ဇယား ၂ တို့ဖြင့် ခွဲခြားလျက် ...သည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် မွန်ပြည်နယ်လွှတ်တော်သည် ...သည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာရင်းအတိုင်း ဥပဒေပြု ...င့်အပြည့်အဝရရှိပြီး ဖြစ်ပေသည်။ မွန်ပြည်နယ်လွှတ်တော်သည် မိမိ၏ ဥပဒေပြု ...ွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန် ဖြစ် ...ည်။ သို့ဖြစ်ပေရာ မွန်ပြည်နယ်လွှတ်တော်သည် စည်ပင်သာယာရေးအဖွဲ့ဥပဒေ ...ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်နယ်တစ်စိတ်တစ်ဒေသ ...တွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်ရှိကြောင်းမှာ ...ရှားသည်။

သို့ရာတွင် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည် တည်ဆဲ ...ဒေတစ်ရပ်အဖြစ် တည်ရှိနေပေရာ ဤအခြေအနေတွင် မွန်ပြည်နယ်လွှတ်တော် ...စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ...ညွတ်မှု ရှိ မရှိ ဆက်လက်စိစစ်ရန် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၄၄၆။ တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

နှစ်ဖက်တင်ပြချက်များအရ ပြည်ထောင်စုလွှတ်တော်က ၁၉၉၃ ခုနှစ် ...ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း မပြုရသေးပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးအဖွဲ့နှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် သတ်မှတ်ဖော်ပြထားခြင်း မရှိပေ။ ထို့ကြောင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ဟူ၍ ပြည်ထောင်စုအဆင့်တွင် ဖွဲ့စည်းခန့်အပ်ထားခြင်းမရှိတော့ပေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်သာ စည်ပင်သာယာရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းပါက ပိုမိုသင့်မြတ်လျော်ကန်မည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်က ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းခြင်းမရှိစေကာမူ ပြည်နယ်လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ပြဋ္ဌာန်းချက်အရ ပေးအပ်ထားသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဇယား ၂ ပါအတိုင်း စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု မဆိုသာပေ။ ပြည်နယ်လွှတ်တော်ဥပဒေပြုပိုင်ခွင့်အာဏာကိုကျင့်သုံး၍ ပြဋ္ဌာန်းမည့် စည်ပင်သာယာရေးဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမဖြစ်စေရန်သာ အဓိကအရေးကြီးပေသည်။

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စည်ပင်သာယာရေးနှင့်စပ်လျဉ်းသော ဥပဒေပြုခွင့်ကို တင်ပြသည့်နည်းတူ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်ကွဲလွဲခြင်း၊ ရောထွေးနေခြင်းကိုလည်း ရှင်းလင်းအဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြထားသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ စိုက်ပျိုးစရိတ်ချေးငွေနှင့် စုငွေများအတွက် ဥပဒေပြဋ္ဌာန်းချက်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ဥပဒေပါ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်း စုဆောင်းခြင်း စသည့် ပြဋ္ဌာန်းချက်တို့ကို သီးခြားစီဆောင်ရွက်နိုင်ရန် တင်ပြချက်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် ဖော်ပြထားသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ဥပဒေပြဋ္ဌာန်းရာတွင် ပြည်ထောင်စုအဆင့်မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရောထွေးဆန့်ကျင်ခြင်းမရှိစေရန် သီးခြားပြဋ္ဌာန်းနိုင်ရေးတင်ပြချက်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ လူမှုရေးကဏ္ဍတွင် ဖော်ပြထားသည့် ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းရာ၌ တည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြည်ထောင်စုအဆင့်မှ ပယ်ဖျက်ရန် ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေရှိကြောင်း တင်ပြချက်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများတွင် ဖော်ပြထားသော မြေယာခွန်၊ ယစ်မျိုးခွန်၊ ဆားခွန်တို့နှင့်စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းရာတွင် တည်ဆဲမြေယာစီမံခန့်ခွဲမှု၊ ယစ်မျိုးစီမံခန့်ခွဲမှု ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဆားလုပ်ငန်းဥပဒေနှင့်လည်းကောင်း ရောထွေးကွဲလွဲဆန့်ကျင်မှုများရှိနိုင်ကြောင်း တင်ပြချက်။

သို့ဖြစ်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့က ဇယား ၂ ပါ ကဏ္ဍများအတွက် ဥပဒေပြုရာတွင် ပြည်ထောင်စုအဆင့်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့် ကွဲလွဲခြင်း၊ ရောထွေးခြင်း၊ ဆန့်ကျင်မှုများ ရှိနိုင်ခြင်းစသည့် အခြေအနေများ ပေါ်ပေါက်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့က ဥပဒေပြုပြဋ္ဌာန်းရာတွင် လျင်မြန်ချောမွေ့စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က တည်ဆဲဥပဒေများကို စိစစ်ပြီး ဆန့်ကျင်ကွဲလွဲနေသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သည်။

ဤနေရာတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဥပဒေပြုခြင်းကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏သုံးသပ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ (အားလုံး)နှင့် နေပြည်တော်ကောင်စီတို့သို့ လိပ်မူ၍ ပေးပို့ထားသော ၈-၆-၂၀၁၂ရက်စွဲပါ စာအမှတ်၊ ၃၅၂/၃၄၉-အထွေထွေ ၃-၄၄/အဖရ(၂၀၁၂)နှင့် ၂၉-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၄၀၉/၃၄၀-အထွေထွေ ၃-၄၄/အဖရ(၂၀၁၂)ကို သိရှိအလေးထားရန် လိုသည်။

နိုင်ငံတော်သမ္မတ၏ သုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့က မိမိတို့၏ ဥပဒေပြုခွင့်အရ စည်ပင်သာယာရေးဆိုင်ရာဥပဒေအား အမြန်ရေးဆွဲပြဋ္ဌာန်းစေပြီးမှ "စည်ပင်သာယာရေးအဖွဲ့များဥပဒေ" (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၅/၉၃)ကို ရုပ်သိမ်းရန်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည် ဥပဒေပြဋ္ဌာန်းရန် ပြီးပြည့်စုံသည့်အခြေအနေရောက်ရှိချိန်တွင် "စည်ပင်သာယာရေးအဖွဲ့များဥပဒေ"(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၅/၉၃)ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်ရေးဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်၊

အထက်ပါအကြောင်းများကြောင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်သွင်းလာသည့် ပြည်နယ်ဥပဒေပြုခြင်းနှင့်စပ်လျဉ်းသော ပြဿနာများကို အောက်ပါအတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုလိုက်သည်-

(က) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ကဏ္ဍများအတွက် ဥပဒေပြုပြဋ္ဌာန်းသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါက အတည်ဖြစ်ကြောင်း၊

(ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ကဏ္ဍများအတွက် ဥပဒေပြု ပြဋ္ဌာန်းဆောင်ရွက်ခွင့်ကို နိုင်ငံတော်သမ္မတ၏ သုံးသပ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သင့်ကြောင်း။

xxxx
(သိန်းစိုး)
ဥက္ကဋ္ဌ

xxxx (ခင်လှုမြင့်) အဖွဲ့ဝင်		xxxx (ဒေါက်တာတင်အောင်အေး) အဖွဲ့ဝင်
xxxx (ထွန်းကြည်) အဖွဲ့ဝင်	xxxx (စိုးသိန်း) အဖွဲ့ဝင်	xxxx (ခင်ထွန်း) အဖွဲ့ဝင်
xxxx (ဆန်းမြင့်) အဖွဲ့ဝင်	xxxx (မြင့်ကြိုင်) အဖွဲ့ဝင်	xxxx (မိမိရီ) အဖွဲ့ဝင်

သစ်ပင်စိုက်ပျိုးခြင်းဖြင့် သဘာဝဝန်းကျင်ကောင်းများဖြစ်ထွန်း အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို ဖြည့်ဆည်းပေးရာရောက်

နေပြည်တော် ဇူလိုင် ၂၇

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊အမှုထမ်းများ၊ သစ်တောတက္ကသိုလ်မှ ဆရာ ဆရာမများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်း ၉၁၆ ဦးက စိန်ပန်းကြီးအပင် ၁၀၀၊ မဟော်ဂနီအပင် ၁၀၀၊ ကုက္ကိုအပင် ၁၀၀၊ ပိတောက်အပင် ၁၀၀၊ ခရေအပင် ၅၀၊ ပန်းမယ်ဇလီအပင် ၅၀၊ ပုန်းညက်အပင် ၅၀၊ စွယ်တော် ၂၅ပင်၊ တရုတ်တည် ၂၅ ပင်၊ မန်ကျည်း ၂၅ပင်၊ မြန်မာရှား ၃၂ပင် စုစုပေါင်း ၆၅၇ပင်ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။ ယခုနှစ်မိုးရာသီတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးခဲ့သော အပင်ပေါင်းမှာ ၁၃၁၇၀ ဖြစ်သည်။

ယနေ့သစ်ပင်စိုက်ပျိုးသောနေရာသည် ဆာဖာရီဥယျာဉ် (နေပြည်တော်) ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော်စိုက်ပျိုးခြင်းဖြစ်ပြီး ဆာဖာရီဥယျာဉ်(နေပြည်တော်) ဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အာရှဆာဖာရီပြကွက်၊ ဩစတြေးလျဆာဖာရီပြကွက်၊ အာဖရိကဆာဖာရီပြကွက်၊ အဝင်ဂိတ်နှင့် နယ်မြေများတွင် အရိပ်ရပင်၊ ပန်းပင်များ၊ သစ်ပင်မျိုးစုံတို့ဖြင့် ယနေ့စိုက်ပျိုးသောအပင်များအပါအဝင် ၂၇၉၈၁ ပင် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ဆာဖာရီဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များနားခိုနေနိုင်ရန် အရိပ်အာဝါသရရှိခြင်း၊ ဥယျာဉ်အတွင်း လာရောက်လေ့လာသော လုပ်သားပြည်သူများ စိတ်ကြည်နူးရွှင်လန်းစေခြင်း၊ ဆာဖာရီဥယျာဉ်နေရာသည် အပူပိုင်းဒေသအတွင်း ကျရောက်သဖြင့် ဧရိယာပတ်ဝန်းကျင်ရှိ ဆည်၊ ရေလှောင်တမံ၊ ရေထွက်များ၏ ရေဝေရေလဲဒေသအားထိန်းသိမ်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းအား အထောက်အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် ဂေဟစနစ်မျှတစေရန်အတွက် နှစ်စဉ်မိုးရာသီ၌ တစ်နိုင်ငံလုံး လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ နိုင်ငံတော်အတွင်းရှိ ကျေးလက်ပြည်သူများ၏ ကျေးလက်အိမ်ရာကျေးရွာပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းတို့အတွက် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်စိုက်ခင်းတည်ထောင်ခြင်းဧက ၂၂၈၀၀၊ ပုဂ္ဂလိကစိုက်ခင်း (ကျွန်း၊ သစ်မာ) ၅၆၈၃၄ ဧက၊ မိုးရာသီလူထုလှုပ်ရှားမှုဖြင့်စိုက်ပျိုးခြင်း ၂၀၂၅၀၀၂၆ပင်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအစီအစဉ်ဖြင့် စိုက်ပျိုးခြင်း ၂၆၁၉၀၀ပင်၊ စည်ပင်သာယာရေးကော်မတီများ အစီအစဉ်ဖြင့်စိုက်ပျိုးခြင်း ၂၁၇၁၈၄၅ပင်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း ၁၃၀၅၁၂၄ ပင်အပါအဝင် စုစုပေါင်း ၈၄သန်းကျော် စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်အထိ နိုင်ငံပိုင်စိုက်ခင်းတည်ထောင်ခြင်း ၂၂၁၄၁ ဧက ၉၇ ရာခိုင်နှုန်း၊ ပုဂ္ဂလိကစိုက်ခင်း ၃၇၉၇ ဧက ၇ ရာခိုင်နှုန်း၊ မိုးရာသီလူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခြင်း ၁၄၇၅၀၀၅၃ ဧက ၇၃ ရာခိုင်နှုန်း၊ စည်ပင်သာယာရေး ကော်မတီများမှ ၄၃၁၂၀၂၈ ပင် ၂၀ ရာခိုင်နှုန်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း ၄၂၆၈၇ပင် ၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီးဖြစ်သည်။ ထို့အပြင် စိုက်ပျိုးပြီးသောသစ်ပင်များ ရှင်သန်ရေးအတွက်လည်း ပြုစုထိန်းသိမ်းရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ဖြစ်ထွန်းစေခြင်း၊ သဘာဝတောများအတွင်းမှ သစ်တောသယံဇာတများကို ဒေသလိုအပ်ချက်အတွက် ထုတ်ယူသုံးစွဲနေရသည့်ပမာဏကို လျှော့ချနိုင်ပြီး သဘာဝတောများရေရှည်တည်တံ့ရေးကို အထောက်အကူပြုနိုင်ခြင်း၊ ကျေးလက်နေ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ခြင်း၊ သစ်တောသယံဇာတများ ပြုစုထိန်းသိမ်းကာကွယ်ရေးနှင့် စနစ်တကျထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိတရားများတိုးပွားလာပြီး ပိုမိုပူးပေါင်းဆောင်ရွက်မှု ရရှိလာခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်းများအပြင် ယနေ့ကြုံတွေ့နေရသည့် ရာသီဥတုဖောက်ပြန်မှု၏ အဓိကအချက်ဖြစ်သော မှန်လုံအိမ်အာနိသင်အား လျှော့ချနိုင်သည့် အစိမ်းရောင်စီးပွားရေး (Green Economy) နှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု (Green Growth) လုပ်ငန်းစဉ်များအားလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရာရောက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်များဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သမီးမအိရွှေစင်အားရည်စူး၍ ဦးကျော်မြင့်-ဒေါ်ခင်နွယ်နွယ်မိသားစု လှိုင်မြို့နယ်က ငွေကျပ်ငါးသိန်းနှင့် အဝတ်အထည်နှစ်ထုပ်၊ ဦးတင်ငွေ-ဒေါ်တင်တင်ဝင်း မိသားစု ရန်ကင်းမြို့နယ်က ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်လေးထုပ်၊ မသန္တာလင်း မိသားစု ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်က ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်တစ်ထုပ်၊ကွယ်လွန်သူမိဘများနှင့် ဗိုလ်မှူးညီမောင်အား ရည်စူး၍ ဒေါ်သိန်းဆမိသားစု စမ်းချောင်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ မနန်းမို့ခမ်းအေး (ဗန်ကောက်)က ငွေကျပ်ငါးသောင်း၊ ဦးမောင်စိန်-ဒေါ်ရင်ရွှေ သားသမီးမြေးများ ပန်းဘဲတန်းမြို့နယ်က ငွေကျပ်တစ်သောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးသိန်းဦး-ဒေါ်ဥမ္မာမိသားစု ဗဟန်းမြို့နယ်က အဝတ်အထည်နှစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ **(ဓါတ်ပုံ)** မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများကလက်ခံကြသည်။ ယနေ့အထိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)သို့ လာရောက်လှူဒါန်းသော အလှူငွေရရှိမှုမှာ ငွေ ၃၁၁၂၃၁၈၂၃ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၇-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၄	နိုင်ငံတော်သီချင်း
၇:၀၅	တရားတော်
၇:၂၅	မျိုးချစ်တပ်မတော်
၇:၄၀	မြန်မာသံစဉ်ချိုနားဝင်
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	မြန်မာစာ၊ မြန်မာစကား(၆)

နေ့လယ်ပိုင်း

၁၂:၀၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရုပ်ပြဇာတ်လမ်း** မြင့်မြတ်၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဇော်မျိုး)
၁၄:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၄၆)

ညပိုင်း

၄:၁၅	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၃၅	ဇာတ်လမ်းတို
၄:၅၀	ကုန်သွယ်သုတ
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်သစ်ရဲ့ သူရဲကောင်း** (အပိုင်း-၁၅)
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	- နိုင်ငံတကာသတင်း
	- အင်္ဂလိပ်စာသုတ
	- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံများ ချစ်ခြင်းများဖြင့်** (အပိုင်း-၂၂)
	- မြဝတီရုပ်မြင်သံကြားသတင်း



စင်ကာပူ၌ အသက်အငယ်ဆုံးယောကျာ်းလေး ကျောက်ကပ်အစားထိုးကုသမှုအောင်မြင်

စင်ကာပူ ဇူလိုင် ၂၇

စင်ကာပူနိုင်ငံတွင် အသက်ခြောက်နှစ်အရွယ်ယောကျာ်းလေးတစ်ဦးအား ကျောက်ကပ်အစားထိုးခွဲစိတ်မှုပြုလုပ်နိုင်ခဲ့ရာ စင်ကာပူနိုင်ငံသမိုင်းတွင် အသက်အငယ်ဆုံး ကျောက်ကပ်အစားထိုးကုသနိုင်ခဲ့သူတစ်ဦး ဖြစ်လာခဲ့ကြောင်း ဇူလိုင် ၂၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

ဘာရင်လူအမည်ရှိ ၄င်းကလေးငယ်သည် သုံးနှစ်တာမျှ ကျောက်ကပ်ရောဂါခံစားနေရပြီး ကျောက်ကပ်လှူဒါန်းနိုင်မည့် အလှူရှင်တစ်ဦးကို နောက်ဆုံးအချိန်အဖြစ် မျှော်လင့်လျက်ရှိရာမှ ကျောက်ကပ်လှူဒါန်းသူတစ်ဦးကြောင့် အသက်ရှင်သန်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာရင်လူသည် မွေးကတည်းက ကျောက်ကပ်တစ်လုံးတည်း ပါရှိလာသူဖြစ်သည်။ သူ၏မိခင်ဖြစ်သူ အသက် ၃၈ နှစ်အရွယ်ရှိ မာဒမ်ဆီရီနေက သူမ၏ကျောက်ကပ်တစ်လုံးကိုပေးကာ ခွဲစိတ်ကုသပေးခဲ့သော်လည်း အဆင်မပြေသဖြင့် ၂၀၀၉ ခုနှစ် စက်တင်ဘာလက ၄င်းကျောက်ကပ်ကို ပြန်လည်ဖယ်ရှားခဲ့ရသည်။ ယခုအခါ ၄င်း၏မိသားစုမှ အမည်မဖော်လိုသည့် အလှူရှင်တစ်ဦးက ကျောက်ကပ်လှူဒါန်းခဲ့သဖြင့် ဘာရင်လူ၏အသက်မှာ ရှင်သန်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ သစ်တောဟက်တာ ၁၅၀၀၀ ခန့်အတွင်း မီးလောင်လျက်ရှိ

မော်စကို ဇူလိုင် ၂၇

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ တောမီးများလောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များက လွန်ခဲ့သော ၂၄ နာရီအတွင်း သစ်တော ၅၂၂ ဟက်တာကို လွှမ်းခြုံလျက် မီးလောင်နေရာ ၄၅ နေရာအား မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ သို့သော် ဟတ်တာ ၁၅၀၀၀ အတွင်းရှိ မီးလောင်နေရာ ၁၃၁ နေရာတွင် လောင်ကျွမ်းနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာသစ်တောဦးစီးဌာနက ဇူလိုင် ၂၇ ရက်တွင် ကြေညာထားသည်။

လောင်ကျွမ်းလျက်ရှိသည့် မီးကို ထပ်မံကူးစက်ပျံ့ပွားခြင်းမရှိအောင် ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ အခြားသော ထပ်မံလောင်ကျွမ်းနိုင်သည့် ဟက်တာမှာ ၁၄၉၄၈ ဟက်တာ ရှိကြောင်း၊ ယင်းတို့မှာ ခရမ်နိုယာ့စ်ခရိုင်၊ တွန်းစ်ဒေသ၊ တူဗာ၊ ခါလက်ရှား၊ အီယာကွတ်ဒေသများတွင်ဖြစ်ကြောင်း ဒေသဆိုင်ရာ သစ်တောဦးစီးဌာနက ကြေညာထားသည်။

အဆိုပါဒေသသည် အလွန်ပူပြင်း ခြောက်သွေ့လျက်ရှိပြီး အပူချိန် ၃၅ ဒီဂရီနှင့်အထက်သို့ ရောက်ရှိနေခြင်းကြောင့် တောမီးများ အဆက်မပြတ် လောင်ကျွမ်းလျက်ရှိသည်။

ယင်းတောမီးများ အချိန်မီ ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်ယာဉ် ၄၁၂ စီး လေယာဉ် ၂၄ စီး အသုံးပြုလျက် လူပေါင်း ၃၀၀၀ ခန့် မီးငြိမ်းသတ်လျက်ရှိကြောင်း၊ ၎င်းတောမီးများသည် လူနေရပ်ကွက်များနှင့် လုပ်ငန်းနေရာများအနီးတွင်ရှိသဖြင့် အဆိုပါနေရာများကို ခြိမ်းခြောက်လျက်ရှိရာ အဆိုပါနေရာများတွင် နေထိုင်သူများအား ပြောင်းရွှေ့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီဂျစ်၌ ရှေးဟောင်းသစ်သားလှေတစ်စင်းတွေ့ရှိ

ကိုင်ရို ဇူလိုင် ၂၇

အီဂျစ်နိုင်ငံ ဂိုင်ဇာမြို့ မြေအောက်မှ ရှေးအကျဆုံး သစ်သားလှေတစ်စင်းကို အီဂျစ်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း အီဂျစ်သတင်းဌာန မီနာက ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

သစ်သားဖြင့် ပြုလုပ်ထားသော အဆိုပါလှေမှာ အီဂျစ်နိုင်ငံ ပထမဆုံးဘုရင်ဖြစ်သည့် ဒန်ဘုရင်လက်ထက်က အသုံးပြုခဲ့သော သစ်သားလှေတစ်စင်းဖြစ်ကြောင်း၊ ၄င်းလှေ၏ အနေအထားကောင်းမွန်လျက်ရှိနေသေးကြောင်း သတင်း၌ ဖော်ပြသည်။ ယင်းသစ်သားလှေကို ဂိုင်ဇာမြို့အဘူရာဝပ် ရှေးဟောင်းသုတေသန လုပ်ကွက်၏ ရှေးဟောင်းသင်္ချိုင်းတစ်ခုအတွင်း မြေအောက်မှတွေ့ရှိရခြင်းဖြစ်သည်။ ၄င်းသစ်သားလှေကို သစ်သားပြားပေါင်း ၁၁ ချပ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး အရှည် ခြောက်မီတာနှင့် အကျယ် မီတာဝက်ခန့်ရှိသည်။ ယခုအခါ ၄င်းရှေးဟောင်းသစ်သားလှေကို ဂရင်းအီဂျစ်ပြတိုက်၌ ပြသခြင်းမပြုမီ လက်တွေ့သုတေသနစခန်းသို့ သယ်ဆောင်သွားခဲ့ပြီဖြစ်သည်။ ၄င်းသစ်သားလှေသည် သင်္ချိုင်းဂူများအနီးတွင်တွေ့ရှိရသဖြင့် နိဗ္ဗာန်လှေတစ်စင်းဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့ကြသည်။ **(အင်တာနက်)**

ယခုနှစ် ပထမနှစ်ဝက်အတွင်း တိုယိုတာကားရောင်းချမှု ကမ္ဘာ့အများဆုံးဖြစ်လာ

တိုကျို ဇူလိုင် ၂၇

ကမ္ဘာပေါ်၌ မော်တော်ကားထုတ်လုပ်မှုများတွင် ၂၀၁၂ခုနှစ် ပထမနှစ်ဝက်တာကာလအတွင်း တိုယိုတာမော်တော်ကားများမှာ အစီးရေအများဆုံးထုတ်လုပ်ရောင်းချခဲ့ရကြောင်း ဂျပန်မီဒီယာများက ဇူလိုင် ၂၇ ရက်တွင် ဖော်ပြသည်။ တိုယိုတာမော်တော်ကားကုမ္ပဏီသည် ယခုပထမနှစ်ဝက်တွင် စုစုပေါင်းအစီးရေ ၄ ဒသမ ၇ သန်း ထုတ်လုပ်ခဲ့ရာ ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုတွင် ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့သည်။ အဆိုပါ ကားထုတ်လုပ်မှုအနေအထားသည် တိုယိုတာကုမ္ပဏီအနေဖြင့် ပြီးခဲ့သည်နှစ် ပထမနှစ်ဝက်အတွင်း ထုတ်လုပ်မှုထက် ၃၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုများတွင် ဂျင်နရယ်မော်တော်ကားကုမ္ပဏီက ယခုနှစ်ပထမနှစ်ဝက်ကာလအတွင်း အစီးရေ ၄ ဒသမ ၆၇သန်းဖြင့် ဒုတိယနေရာ၌ရှိနေပြီး ဖောက်ဝက်စ်ဝွန်ကားကုမ္ပဏီမှထုတ်လုပ်မှုမှာ အစီးရေစုစုပေါင်း ၄ ဒသမ ၄၅ သန်းဖြစ်သဖြင့် တတိယနေရာတွင် ရှိနေသည်။ ပြီးခဲ့သည့်နှစ်က ဂျင်နရယ်မော်တော်ကားကုမ္ပဏီက တစ်နှစ်လုံး မော်တော် ကားအစီးရေ ကိုးသန်းခန့် ရောင်းချခဲ့ရပြီး ဖောက်ဝက်စ်ဝွန်ကားကုမ္ပဏီက အစီးရေ ရှစ်သန်းရောင်းချခဲ့ရကာ တိုယိုတာက အစီးရေ ၇ ဒသမ ၉၅သန်း ရောင်းချခဲ့သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့ရေကြီးမှု သေဆုံးသူ ၇၇ ဦးအထိတိုးလာ

ပေကျင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ယခုသီတင်းပတ်ကုန်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် သေဆုံးသူအရေအတွက်သည် အနည်းဆုံး ၇၇ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း၊ ယင်းမှာ ယခင်အရေအတွက်ထက် နှစ်ဆကျော်တိုးလာခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။ **(အပေါ်ပုံ)**

အဆိုပါသေဆုံးသူ ၇၇ ဦးအနက် ရုပ်အလောင်း ၆၆ လောင်းကို မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ပြီဖြစ်ကြောင်း၊ အများစုသည် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပေကျင်းမြို့ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။ ယင်းမိုးရွာသွန်းမှုသည် နှစ်ပေါင်း ၆၀ အတွင်း ပေကျင်းမြို့၌ အသည်းထန်ဆုံးဖြစ်ကြောင်း၊ ပို့ဆောင်ရေးစနစ်နှင့် လျှပ်စစ်ဓာတ်အားပေးစနစ်များ ကသောင်းကနင်းဖြစ်ခဲ့ရကြောင်း ဆင်ဟွာသတင်း၌ ရေးသားဖော်ပြထားသည်။၄င်းမိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပေကျင်းမြို့တော် အဓိကလမ်းမကြီးများပေါ်တွင် ရေလျှံမှုများဖြစ်ပွားခဲ့ရသည်။ လေကြောင်းခရီးစဉ် ၅၀၀ ကျော်လည်းဖျက်သိမ်းလိုက်ရပြီး ထောင်ပေါင်းများစွာသော ခရီးသွားများ ပေကျင်းလေဆိပ်၌ သောင်တင်ခဲ့သည်။ လူပေါင်း ၆၅၀၀၀ ကိုလည်း ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟုဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၇-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

ကက်ရှ်မီးယားဒေသ၌ ဘတ်စ်ကားချောက်ထဲထိုးကျ ၁၆ ဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရရှိ

အိန္ဒိယထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသတွင် ဘာသာရေးဘုရားဖူးခရီးသည်များအားတင်ဆောင်လာသော ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျသွားသဖြင့် ၁၆ ဦး သေဆုံးသွားကြောင်း ဇူလိုင် ၂၇ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ (အောက်ပုံ) အဆိုပါဘတ်စ်ကားသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘာသာရေးပွဲတော်မှအပြန် ဇူလိုင် ၂၆ ရက်က ဆမ်ဘာခရိုင်၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၄င်းဘတ်စ်ကားနှင့်လိုက်ပါလာသူ အခြား ၁၆ ဦးမှာလည်း ဒဏ်ရာများရရှိသွားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ယင်းဘတ်စ်ကားချောက်ထဲထိုးကျခြင်းသည် ယခုလအတွင်း အဆိုပါဒေသ၌ ဒုတိယအကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော ဇူလိုင် ၁၄ ရက်က ခရီးသည် ဘတ်စ်ကားတစ်စီး ရမ်ဘမ်းတောင်ကြားလမ်း ချောက်ထဲထိုးကျခဲ့ရာ အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ရသည်။

ဗင်နီဇွဲလားအတွက် ပထမဆုံးလောင်စာဆီတင်သင်္ဘော အီရန်ရေတပ်ကုမ္ပဏီ တည်ဆောက်ပေး

အီရန်ရေတပ်ပိုင် ဆာဒရာစက်မှုကုမ္ပဏီက ဗင်နီဇွဲလားနိုင်ငံပိုင် ပီဒီဗွီဇက်အေရေနံကုမ္ပဏီအတွက် တန် ၁၁၃၀၀၀ တင်ဆောင်နိုင်သော ပထမဆုံးလောင်စာဆီတင်သင်္ဘောကို ဘူရှာဆိပ်ကမ်းမြို့တောင်ပိုင်းရှိ သင်္ဘောကျင်း၌ တည်ဆောက်လျက်ရှိရာ ယခုအခါပြီးစီးသွားပြီဖြစ်ကြောင်း အရာရှိတစ်ဦးက ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

အရှည် မီတာ ၂၅၀၊ အကျယ် ၄၄ မီတာနှင့် အမြင့် ၂၁ မီတာရှိသော အဆိုပါ လောင်စာဆီတင်သင်္ဘောကြီးမှာ စံချိန်မီအရည်အသွေးမြင့်မားကြောင်း ဆာဒရာသင်္ဘောတည်ဆောက်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဆာလ်မန်ဇာဘီက ပြောကြားသည်။

၄င်းသင်္ဘောကြီးကို သုံးလအတွင်း ဗင်နီဇွဲလားကုမ္ပဏီသို့ ပို့ပေးမည်ဖြစ်ကြောင်း၊ ၎င်းသင်္ဘောကြီး ပထမရေချစမ်းသပ်မှုကို ဇူလိုင် ၂၃ ရက်က လုပ်ဆောင်ပြီးပြီဖြစ်ကြောင်း ဆာလ်မန်ဇာဘီက ထပ်မံပြောကြားသည်။ စမ်းသပ်မှုများ ကျန်ရှိနေသည့်အတွက် နောက်ထပ်သုံးလ လိုအပ်ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း သင်္ဘောတည်ဆောက်ရာတွင် အသုံးပြုထားသည့်ပစ္စည်းများမှာ အရည်အသွေးမြင့်မားမှုကြောင့် ဗင်နီဇွဲလားကုမ္ပဏီက ကျေနပ်အားရမှုရှိကြောင်း ယင်းအရာရှိက ထပ်လောင်းပြောကြားခဲ့သည်။ **(အင်တာနက်)**

ဩစတြီးယားကောင်းကင်ဒိုင်ဗင်သမား ဘွမ်ဂတ္တနား ကမ္ဘာမြေအထက် ၁၈ မိုင်အမြင့်မှ ခုန်ဆင်းပြသ

နယူးမက္ကဆီကို(အမေရိကန်) ဇူလိုင် ၂၇

ဩစတြီးယားနိုင်ငံမှ ကောင်းကင်ဒိုင်ဗင်ကျွမ်းကျင်ပညာရှင် ဖီးလစ်ဇ်ဘွမ်ဂတ္တနားဆိုသူသည် ဇူလိုင် ၂၅ ရက်က ကမ္ဘာမြေပြင်အထက် ၁၈ မိုင်အမြင့် (ပေ ၉၆၆၄၀)မှ ဒိုင်ဗင်ထိုးဆင်းပြသခဲ့သည်။ **(အောက်ဝဲပုံ)**

သူသည် ယခုနှစ်ကုန်ပိုင်းတွင် အာကာသအစွန်းတစ်ဖက်မှ ကမ္ဘာမြေသို့ ဒိုင်ဗင်ထိုးဆင်းရန် ရည်ရွယ်လျက် ယခုအမြင့် ၁၈ မိုင်မှ စမ်းသပ်မှုတစ်ရပ်အဖြစ် ကမ္ဘာမြေသို့ ဒိုင်ဗင်ထိုးဆင်းခဲ့ခြင်းဖြစ်သည်။ ၄င်းသည် အဆိုပါအမြင့်မှ ၃ မိနစ် ၄၈ စက္ကန့်ဖြင့် ကမ္ဘာမြေသို့ ဆင်းသက်ခဲ့ရာ တစ်နာရီလျှင် ၅၃၆ မိုင်နှုန်းဖြင့် ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၃ နှစ်ရှိ ဘွမ်ဂတ္တနားသည် ကမ္ဘာမြေပြင်အထက် ၁၈ မိုင် အမြင့်မှ ခုန်ဆင်းပြီး ကမ္ဘာမြေအနီးရောက်ခါနီးမှ လေထီးဖွင့်၍ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ၄င်းသည် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် ရော့ဝဲလ်အရပ်၌ အောင်မြင်စွာ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ၄င်းသည် ကမ္ဘာမြေပြင်အထက် ၂၃ မိုင် အမြင့် (ပေ ၁၂၅၀၀၀)မှ ခုန်ဆင်းရန် ရည်ရွယ်ထားသူဖြစ်သည်။ သူသည် လွန်ခဲ့သည့် မတ်လက ၁၃ မိုင်အမြင့်မှ ခုန်ချခဲ့ပြီးဖြစ်သည်။

လက်ရှိ ကမ္ဘာတွင် ကောင်းကင်ဒိုင်ဗင်အမြင့်ဆုံး ခုန်ဆင်းနိုင်သူမှာ အမေရိကန်မှ လေတပ်အငြိမ်းစားအရာရှိဟောင်း ဂျိုးကစ်တင်းနားဖြစ်သည်။ သူသည် ၁၉၆၀ ပြည့်နှစ်က အမြင့် ၁၉ ဒသမ ၅ မိုင် (ပေ ၁၀၂၈၀၀) မှ ခုန်ဆင်းပြီး စံချိန်တင်ထားသည်။ ယခုသူသည် ဘွမ်ဂတ္တနား၏အကြံပေးအရာရှိအဖြစ် ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

မာရူဟန်ဂျပန်ဘဏ်
မြန်မာဌာနေ ကိုယ်စားလှယ်ရုံးခွဲ ဖွင့်ပွဲ

မာရူဟန်ဂျပန်ဘဏ်သည် တိုးတက်ပြောင်းလဲဖြစ်ထွန်းနေသော မြန်မာ့အနာဂတ်အရေးကိုရှေးရှုလျက် အတွေ့အကြုံရင့်ကျက်သည့် ကျွမ်းကျင်ဘဏ်ဝန်ထမ်းများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် မြန်မာကိုယ်စားလှယ်ရုံးကို ရန်ကုန်မြို့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာဖြင့် အသိပေးကြော်ငြာအပ်ပါသည်။

MARUHAN
JAPAN BANK

အမှတ် ၉၇ (ခ)၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်

၀၁-၅၀၁၃၀၀

www.maruhanjapanbank.com

မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးအား ပါဝင်လှူဒါန်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ(အဝိဇဟိတဌာန)နှင့် တိတ္ထိတို့ကို နှိမ်နင်းပြီး မယ်တော်မိနတ်သားအား ကျေးဇူးဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တနရိန္ဒာဓိပတိ(ဓမ္မာစရိယ M.A, Ph.D)သည် မြေတစ်ဧကဝယ်ယူလျက် **မဟာဇေယျာသုခကျောင်းတိုက်ကြီး**ကို စတင်ဆောက်လုပ်နေပြီဖြစ်ပါသည်။ ကျောင်းတော်ကြီးအလျင်အမြန်ပြီးစီး၍ သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ စေတနာသဒ္ဓါတရားစွမ်းအားများကို အမှန်ပင် လိုအပ်လျက်ရှိနေပေသည်။

သို့ဖြစ်ပါ၍ **ဝိဟာရဒါန် သံဃသသအင်္ဂဗုဒ္ဓေနဝဏ္ဏိတံ** (ဝိဟာရဟူ ကျောင်းအလှူကို ဆူဆူဗုဒ္ဓချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူကုသိုလ်ထူးကြီးကို ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ရက်ရောကြည်ဖြူစွာ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ။

အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ ဆရာတော် ဘဒ္ဒန္တနရိန္ဒာဓိပတိ၊ မဟာဇေယျာသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ၊
ဖုန်း-၀၀၉၁-၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂ ၉၇၇၊ ၀၉-၄၃၀၄၃၀၄၅ (ရန်ကုန်)၊ unarinda08@gmail.com

၂။ ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄၊ ၀၉-၅၀၄၂၄၃၉၊ ၀၉-၅၁၂၂၁၉၈

၃။ ဒေါ်မေသူမောင်၊ မေသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်မြို့နယ်
ဖုန်း-၀၉-၅၁၉၂၄၄၈၊ ၀၉-၇၃၂၄၁၆၈၇၊ ၀၉-၅၀၁၂၄၇၀

၄။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်းမြို့နယ်
ဖုန်း-၀၁-၅၃၂၀၈၆၊ ၀၉-၅၁၁၃၄၀၄၄၊ ၀၉-၅၁၈၈၃၇၆

၅။ ဒေါ်နီနီဝင်း၊ ရွှေမှီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေမြို့နယ်
ဖုန်း-၀၁-၅၄၆၈၂၀၊ ၀၉-၅၀၂၁၁၉၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၆ဂျေ၊ မြေကွက်အမှတ်၉၅ဒီ/၁အေ၂၊ မြေကွက်တည်နေရာအမှတ် ၅/၂၊ ရွှေတောင်ကြားရိပ်သာလမ်း ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ မောင်မင်းသူလွင် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၂၅၆၆/၁၂ (၁၉-၆-၂၀၁၂)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သန်းတန် ၁၂/ဗဟန(နိုင်)၀၂၆၉၂၄ ကွယ်လွန်သဖြင့် ဦးရဲတင့် ၁၂/ဗဟန(နိုင်)၀၂၅၆၁၃ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

YANGON METAL INDUSTRY CO., LTD.

TOYO, OS, JK, PB, YUASA, YUCON

20 Ah	(3,150)	NS100	(80Ah) (10,500)
35 Ah	(6,300)		100 Ah (14,700)
45 Ah	(7,350)	N120PP	(110 Ah)(15,750)
60 Ah	(9,450)		120 Ah (17,850)
70 Ah	(11,025)		150 Ah (22,050)
75 Ah	(11,550)		200 Ah (29,400)

REGALIA
Auto Parts & Accessories
ကားသစ်ပိုင်ရှင်များအတွက် စိတ်ကျေနပ်စေမည့်ဝန်ဆောင်မှုများ

- မော်ဒယ်လ်မြင့် ဂျပန်ကားများအတွက်လိုအပ်သော Original အပိုပစ္စည်းများအား အချိန်တိုအတွင်း မှာယူရရှိနိုင်ပါသည်။
- Mercedes BMW အစရှိသည့် Europe ကားများအတွက်လည်း အပိုပစ္စည်းအစစ်အမှန်များ၊ Filter များမှာယူနိုင်ပါသည်။
- ကားအင်ဂျင်ရေရှည်ကောင်းမွန်စေရန် အင်ဂျင်ဝိုင်ကောင်းကောင်း အသုံးပြုလိုသူများအတွက် LEXUS နှင့် BMW တံဆိပ် အင်ဂျင်ဝိုင်များလည်း ရရှိနိုင်ပါပြီ။
- ကားများအတွက်အလှန်အသုံးတည့်မည့် ခေတ်မီ Accessories ပစ္စည်းများလည်းရောက်ရှိနေပါပြီ။ အသေးစိတ်သိရှိလိုပါက www.facebook.com/RegaliaAutoParts တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(B)002-B ၊ ပိုင်းဝေး Complex ၊ ယုဇနလမ်း၊ နာနတ်တောတံတားအဆင်းအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 09-4210 65999, 09-510 2929 e-mail : regaliaautos@gmail.com www.facebook.com/RegaliaAutoParts

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း
အသည်းအားဆေး

FROM EXPERIENCE-BASED TRADITIONAL MEDICINE TO EVIDENCE-BASED TRADITIONAL MEDICINE

ပိုင်ရှင်ကိုယ်တိုင် ရောင်း/ငှားမည်
(For Rent)

အမည်ပြောင်းလဲခေါ်ပါရန်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ မုတ္တဒိကျေးရွာနေ ဦးဒါးကေ၏သား အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်စောနေထက်လင်း ၃/ဘအန(နိုင်) ၂၈၅၈၈၇အား မောင်စောဇော်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စောဇော်မင်း

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ ရွာဘဲနယ်မြေ၊ဂန္ဓမာ ၃လမ်း၊ အမှတ် ၁၅၅ နေ ဦးဝင်းမောင်-ဒေါ်ငွေငွေတို့၏သမီးဖြစ်သူ မသူဇာဝင်းသည် မိဘများကို စိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးသဉ္ဇာမြင့်သောင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၇၀၈၉)
ပြည်မြို့၊ ဖုန်း-၀၉-၅၃၆၃၆၂၅

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

TOYOTA CELSIOR

2001 CF PACKAGE INTERIOR SELECTION ,PEARL WHITE,

KMD Computer Centre

Quality Management System

ISO 9001:2008 ရရှိ

International Degree Course

- UK B.Sc (Hons) BIT Degree (University of Greenwich)
- UK Diploma (NCC, ABE, LCCI)

Application Course

- i-Office 2010
- i-Office 2010(Advance)
- Desktop Publishing
- Graphic Design
- AutoCAD 2D/3D
- Web Builder
- Introduction to Internet
- Excel in Business Application
- 3D Animation in 3ds Max
- Poser
- 3D Animation in Maya

Professional Course

- Basic SE • Advanced SE
- Software Engineering
- LCCI Computerised Accounting (MYOB)
- Web Development with PHP
- Software Engineering in Database & E-Commerce
- Practical A+
- Practical Network
- Network Engineering
- Networking with Linux
- Practical Network (Server Based)
- On Job Training • Mobile Game/Application

NGO

Enroll Now!

Central Link (ကျောင်းခွဲမရှိပါ)

"ကိုရီးယားဘာသာ အရည်အချင်းစစ် EPS(TOPIK) စာမေးပွဲများ"

Korea

Central Link

Ph:09 731 900 40,09 86 51 531

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အင်္ဂလိပ်စာမိသားစု(၂၀၀၂-၂၀၀၃)

ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပမည်ဖြစ်ပါ၍ အစီအစဉ်အသေးစိတ်ကို ကျောင်းသားဟောင်းများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်မေးမြန်းကြပါရန် လေးစားစွာ အသိပေး အကြောင်းကြားအပ်ပါသည်။

ကိုဖြိုးဝေ ဖုန်း-၀၉-၄၂၀၀၅၇၇၅၉ **မမေသူမင်းခင် ဖုန်း-၀၉-၇၃၀၆၁၀၀၇**
မအေးမူယာမင်း ဖုန်း-၀၉-၇၃၁၀၁၄၁၈ **မခင်ပြည့်ပြည့်ဖြိုး ဖုန်း-၀၉-၇၃၁၇၈၃၀၄**
မချမ်းမြေ့အောင် ဖုန်း-၀၉-၇၃၀၆၁၉၆၃ **မခင်မြတ်နိုးထွန်း ဖုန်း-၀၉-၄၃၁၂၃၇၅၁**

လူပျောက်ကြော်ငြာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်(၄၆၀)ရှိ ဓမ္မဇရပ်ဝါဆိုကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော ရှင်ဝရသာမိသည် ၁၂-၇-၂၀၁၂ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးအာသဘ ဖုန်း-၀၉-၄၉၃၃၀၅၈၄၊
ဦးနန္ဒသာရ ဖုန်း-၀၂-၃၉၅၉၈

ဖခင်အမည်မှန်

အထက(၁)ရန်ကင်း တက္ကသိုလ်ဝင်တန်း(B)မှ မစုမွန်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထိန်လင်းထွန်း ဖြစ်ပါသည်။ **ဦးထိန်လင်းထွန်း**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဟိဏ်းညီညီစိုး၏ နိုင်ငံကူးလက်မှတ်အမှတ် A-၄၁၄၈၆၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၂၅၅၇၆**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာရပ်ကွက်၊ မြေကွက်အမှတ်၁၅၇၉ အမည်ပေါက်ဦးအောင်မြတ်၊ မြေကွက်အမှတ်၁၅၇၈ အမည်ပေါက် ဒေါ်ခင်စန်းရီတို့၏ မြေကွက်များအား လက်ရှိဝယ်ယူပိုင်ဆိုင်သော ဒေါ်ချယ်ရီ ၁၂/သကတ(နိုင်)၀၃၄၆၆၃ ကိုင်ဆောင်သူမှ မြေကွက်စလစ်၊ ငွေသွင်းချလန်၊ အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ၂)၊ မြေနှင့် အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာပေးအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၉၂၉ အမည်ပေါက် ဒုရဲအုပ်ဦးစောလတ်၊ မြေကွက်အမှတ် ၉၃၁ အမည်ပေါက် တပ်ကြပ်ကြီးလှထွန်းတို့၏ မြေကွက်များအား လက်ရှိဝယ်ယူ ပိုင်ဆိုင်သူဒေါ်စီစီသိန်း ၁၂/ပဇတ(နိုင်)၀၀၈၅၀၇ ကိုင်ဆောင်သူမှ မြေကွက်စလစ်၊ ငွေသွင်းချလန်၊ အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေး စီမံကိန်းရုံး(မြေယာရုံးခွဲ၂)၊ မြေနှင့်အခွန်ဌာနခွဲ၊မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာပေးအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

Wai Yan @ Bo Aung Kyaw & Mya-Yamon

1 July to 31 July 2012

Discount 10,000 Kyat

Electronic



Wai Yan@BAK
Wai Yan@Mya-Yamon
* Customer Information Center : 01 - 546006 (Ext: 104/105) *

Rules and Regulations Applied

ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

သာသနာရေးဝန်ကြီးဌာနမှ (၉)နှစ်ဆက်တိုက် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ)သို့ တရားဝင်ဘုရားဖူးပို့ဆောင်ခွင့်ရရှိခဲ့သော **ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**သည် **ဘုရားဖူးသူတော်စင်အဖွဲ့ဝင်များ စိတ်အေးချမ်းသာ အဆင်ပြေစွာ ကြည်ညိုဖူးမြော်နိုင်ရေးသည် ပထမဟူသော မူကို စံထားလျက်** ၂၀၁၂-၂၀၁၃ခုနှစ် ဘုရားဖူးရာသီတွင် အောက်တိုဘာလဆန်းမှစတင်၍ သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာနသို့ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ပေးရန် စီစဉ်ထားပါသည်။ ခရီးစဉ်များမှာ (၁၁ ည/၁၂ရက်)နှင့် (၁၇ ည/ ၁၈ ရက်) ဖြစ်ပါသည်။ ဘုရားဖူးသွားရောက်လိုသော ရပ်ဝေးရပ်နီးမှ ဘုရားဖူးဓမ္မမိတ်ဆွေများအနေဖြင့် **ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူး**အဖွဲ့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၁၁ ည/ ၁၂ ရက် ခရီးစဉ်ထွက်ခွာမည့်ရက်များ

(၁) ၁-၁၀-၂၀၁၂ရက်၊ (၂) ၁၅-၁၀-၂၀၁၂ရက်၊(၃) ၂၉-၁၀-၂၀၁၂ရက်၊(၄) ၁၂-၁၁-၂၀၁၂ရက်၊ (၅) ၂၆-၁၁-၂၀၁၂ရက်၊ (၆) ၁၀-၁၂-၂၀၁၂ရက်၊ (၇) ၂၄-၁၂-၂၀၁၂ရက်၊ (၈) ၇-၁-၂၀၁၃ရက်၊ (၉) ၂၁-၁-၂၀၁၃ရက်၊ (၁၀) ၄-၂-၂၀၁၃ရက်၊ (၁၁) ၁၈-၂-၂၀၁၃ရက်၊ (၁၂) ၄-၃-၂၀၁၃ရက်၊ (၁၃) ၁၈-၃-၂၀၁၃ရက်၊ (၁၄) ၁-၄-၂၀၁၃ရက်၊ (၁၅) ၁၅-၄-၂၀၁၃ရက်

၁၇ ည/ ၁၈ ရက်ခရီးစဉ် ထွက်ခွာမည့်ရက်များ

(၁) ၁၉-၁၀-၂၀၁၂ရက်၊(၂)၁၆-၁၁-၂၀၁၂ရက်၊(၃) ၃၀-၁၁-၂၀၁၂ရက်၊(၄) ၂၈-၁၂-၂၀၁၂ရက်၊(၅) ၂၅-၁-၂၀၁၃ရက်၊ (၆) ၈-၂-၂၀၁၃ရက်၊(၇)၂၂-၂-၂၀၁၃ရက်၊ (၈) ၈-၃-၂၀၁၃ရက်၊ (၉)၂၂-၃-၂၀၁၃ ရက်

ဆက်သွယ်ရန် အမှတ် (၄၄)၊ လမ်းသစ်လမ်း (မော်တင်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် ဖုန်း-၂၁၁၉၄၄၊ ၂၁၁၉၅၅၊ ၂၂၉၃၁၅၊ ၂၂၂၇၂၀၊ ရုံးခွဲအမှတ်(၈၇)၊ ၇၃ လမ်း၊ ၂၉×၃၀ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး ဖုန်း-၀၉-၄၉၃၁၀၁၉၂၊ ၀၉-၄၉၃၁၀၁၉၃၊ ၀၂-၃၂၀၂၀၊

မန္တလေးရုံးခွဲအား ၁-၈-၂၀၁၂ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းရှိ ဓေယျဝတီစာသင်တိုက်ကြီး(၁၇)တိုက်မှ ပဓာနနာယကဆရာတော်(၁၇)ပါးအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ၅-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီအချိန်တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ရန်ကုန်ရောက် မင်းလှမြို့နယ်သူမြို့နယ်သားများ မပျက်မကွက် ကြွရောက်ပူဇော်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများကို ဦးတင်အောင်(နာယက)ဖုန်း-၀၉-၅၅၀၄၇၀၃၊ ဦးသန်းစိုး(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၉၂၇၉၁၊ ဦးသူရအောင်(အတွင်းရေးမှူး)ဖုန်း-၀၉-၇၃၁၁၄၂၇၈၊ ဦးမြင့်ဆွေ(အမှုဆောင်) ဖုန်း-၀၉-၄၅၀၀၂၄၆၄၈တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီးအနောက်၊ ပြည်မြို့၊ ပြည်သာယာနယ်မြေ၊ ကိုးသောင်း သာသနာ့မင်္ဂလာစာသင်တိုက်ကြီးတွင် ဝါဆိုဝါကပ်တော်မူကြသော ပဓာန နာယက ဆရာတော် အမှူးပြုသော စာချ၊ စာသင် သံဃာတော်အပါး ၁၆၀ တို့အား ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် (၃-၈-၂၀၁၂ရက်) ညနေ ၄ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်း၊ တိုက် T-1(A)၊ အခန်းနံပါတ် ၀၀၁၊
ဇောတိကအိမ်ရာ (၂) နေ
ဦးစံသွင်-ဒေါ်စိန်မျှင်တို့၏မြေး၊
ဦးတင့်လွင်-(ဒေါ်သန်းသန်းဝေ)တို့၏ သားကြီး
မောင်ဖြိုးဟန် **B.E(Mechatronics)**
Factory Supervisor, California Laundry Pte., Ltd.
Singapore
နှင့်
ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၈၀/၆ နေ
ဦးမြလှိုင်-ဒေါ်လှကြိုင်
ကော့လှာကျေးရွာနေ ဦးကျော်သောင်း-ဒေါ်အုံးမေတို့၏ မြေး၊
ဒေါက်တာဦးသိန်းမြင့်(ဆေးရုံအုပ်ကြီး၊ငြိမ်း)NTO-WHO-
(ဒေါ်တင်ရီ) တို့၏ သမီးထွေး
မစုပါသိန်း **B.Sc (Phys:), B.E (Electronics)**
Maintance Engineer
(Chan Tha Shwe Myae Co., Ltd.)
တို့သည် ၂၂-၇-၂၀၁၂ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဟန်-မစုပါသိန်း

ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ရောင်းမည်

၁။ စမ်းချောင်း၊ ပေ (၁၂½×၅၀) မြေညီ၊ ပြင်ဆင်ပြီးအသင့်နေ။ **ကျပ် ၃၁၅သိန်း**
၂။ စမ်းချောင်း၊ ပေ (၁၂½×၅၀) ပထပ်၊ ပြင်ဆင်ပြီး တိုက်သစ်။ **ကျပ် ၂၈၀သိန်း**
၃။ စမ်းချောင်း၊ ပေ (၁၂½×၅၀) ဒုထပ်၊ ပြင်ဆင်ပြီး တိုက်သန့်။ **ကျပ် ၂၅၂သိန်း** **(ပွဲစားမလို)**

ဖုန်း-၀၉-၇၃၂၀၁၁၇၉

အသုံးမလို ပိုလျှံယာဉ်အပိုပစ္စည်းနှင့် ရုံးသုံးစက်ပစ္စည်းအဟောင်းများအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ (နေပြည်တော်နှင့်ရန်ကုန်)ရှိ အသုံးမလိုပိုလျှံ၊ မော်ဒယ်နိမ့် Mercedes ယာဉ်အပိုပစ္စည်း၊ တာယာသက်တမ်းလွန်နှင့် အဟောင်းများ၊ ဘက်ထရီအဟောင်းများ၊ အင်ဂျင်အဟောင်းများနှင့် ရုံးသုံးစက်ပစ္စည်းအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့် ပစ္စည်းမျိုးစုံ၏ အချက်အလက်များအား တင်ဒါလျှောက်လွှာစည်းကမ်းချက်ပုံစံတွင် ဖော်ပြထားပါသည်။

၃။ **တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-**

(က) **နေ့ရက်** - ၃၀-၇-၂၀၁၂ရက်မှ ၆-၈-၂၀၁၂ရက် အထိ

(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀နာရီမှ ၁၅း၃၀နာရီအထိ

(ဂ) **နေရာ** - (၁) ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
(၂) စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဃ) **တင်ဒါတစ်စောင်နှုန်း-** ကျပ် ၅၀၀၀ (ကျပ်ငါးထောင်တိတိ)

၄။ **ရောင်းချမည့်ပစ္စည်းများ၏ မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ-**

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲဝင်း၊ နေပြည်တော်

(ခ) စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ-**
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲဝင်း၊ သိုလှောင်ရုံ အမှတ်(၁၀)၊ နေပြည်တော်

၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်-**
၇-၈-၂၀၁၂ရက် နံနက် ၉း၃၀နာရီ

၇။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်-**
၇-၈-၂၀၁၂ ရက် နံနက် ၁၀ နာရီ

၈။ အိတ်ဖွင့်တင်ဒါဖြင့် အထက်ဖော်ပြပါ ပစ္စည်းများရောင်းချခြင်းကို One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ထုခွဲရောင်းချရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

အစည်းအဝေးဖိတ်ကြားခြင်း

Myanmar Auto Industries Association(MAIA)

မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်တင်သွင်းရောင်းချသူများအသင်း(ယာယီ)

မော်တော်ယာဉ်ထုတ်လုပ်တင်သွင်းရောင်းချသူများအသင်းကြီး အနိုင်အမာ ပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ခန်းမ၌ တတိယအကြိမ်အသင်းအလုပ်အမှုဆောင်များ ထပ်မံရွေးချယ်ပွဲ ကျင်းပမည်ဖြစ်ပါသောကြောင့် မြန်မာတစ်နိုင်ငံလုံးမှ-

(၁) မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်နှင့်ယာဉ်ယန္တရားထုတ်လုပ်သူလုပ်ငန်းရှင်များ
(၂) မော်တော်ယာဉ်တင်သွင်းရောင်းချသူလုပ်ငန်းရှင်များ
(၃) မော်တော်ယာဉ်အရောင်းပြခန်းလုပ်ငန်းပိုင်ရှင်များ
(၄) မော်တော်ယာဉ်အပိုပစ္စည်းတင်သွင်းရောင်းချသူများ
(၅) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံပိုင်ရှင်များ

အားမပျက်မကွက်တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။(ဖိတ်စာသီးခြားမပို့ပါ)

ကျင်းပမည့်နေ့ရက်၊ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ (၂၈) ရက် (မွန်းလွဲ ၁၃:၀၀ နာရီ)

၂၀၁၂ ခုနှစ် ဇောတိကအမှတ်တံဆိပ် ငါးဆိုသင်္ကန်းဈေးနှုန်း

HOT LINE

၂၀၁၂ ခုနှစ် ဇောတိက ငါးဆို သင်္ကန်းဈေးနှုန်းများ အပြောင်းအလဲမရှိပါ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က).	12(T)15/MR(MC)	- Round Nose Tool (600)Nos
(ခ).	12(T)16/MR(ML)	- စက်ပစ္စည်းနှင့်စက်ကိရိယာများ(54) Items (Machine, Tool & Equipment, Welding Machine, Design Equipment)
(ဂ).	၂၃/မမ/CME	- Spring Steel Round Bar & Flat Bar (18)Items
(ဃ).	၂၄/မမ/CME	- Compress Air Brake System ပစ္စည်းများ (9)Items (Brake Coupling Hose -3000 Set အပါအဝင် Escorts & Knorr Bremse Brand Brake System ပစ္စည်းများ)

တင်ဒါပိတ်မည့်နေ့/အချိန် - ၃၀-၈-၂၀၁၂ (ကြာသပတေးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို ... (၂၈-၇-၂၀၁၂) ရက်နေ့မှစ၍ ... နှင့် ... ရရှိနိုင်ပါသည်။

၃။ ... ဖုန်း-01-294352, 291985,291994.

ရွှေပြည်သာရွာမကျောင်းတိုက် ဝါတွင်း(၃)လ အထူးဓမ္မပူဇာသဘင်

ရွှေပြည်သာရွာမကျောင်းတိုက် တည်ဆောက်ဆဲ သုံးထပ်မိဘမေတ္တာဓမ္မဗိမာန်တော်ကြီးအတွက် ဝါတွင်းလပြည့်၊ လကွယ်နေ့တိုင်း အထူးဓမ္မပူဇာသဘင်ကို မွန်းလွဲ ၁း၃၀နာရီတွင် ပြည်တွင်းပြည်ပ ဓမ္မကထိကဆရာတော်များက တရားချီးမြှင့်ပါမည်။ ကြွရောက်ကြည်ညိုနာယူနိုင်ရန် လေးစားစွာဖြင့် အထူးဖိတ်ကြားအပ်ပါသည်။

တရားဓမ္မဟောကြားတော်မူမည့် ဆရာတော်များ-

၁၃၇၄ခုနှစ်ဒုတိယဝါဆို။ လပြည့်(ဓမ္မစကြာ)နေ့	။	ကျိုက်ပိုင်းဂန္ဓာရုံဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ပြည်တွင်းပြည်ပ မဟာစည်ကမ္မဋ္ဌာနာစရိယ
ဒုတိယဝါဆိုလကွယ်	။ ။	အရှင်နရသာမီလင်္ကာရ (၁၀)ဘွဲ့ရ ထပ်ဆင့်ပါဠိပါရဂူ
ဝါခေါင်လပြည့်	။ ။	မိဘမေတ္တာဆရာတော် ဒေါက်တာအရှင်ဝိသုဒ္ဓါစာရ (ပရဟိတဓရ)
ဝါခေါင်လကွယ်	။ ။	ရန်ကုန်ကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒောဘာသ မြို့နယ်သံဃနာယကဥက္ကဋ္ဌ
တော်သလင်းလပြည့်	။ ။	ဒေါက်တာအရှင်သောပါက(ဇေတဝန်)
တော်သလင်းလကွယ်	။ ။	ဒေါက်တာအရှင်ပညာနန္ဒ(ရွှေပြည်စိုး)
သီတင်းကျွတ်လပြည့်	။ ။	မိဘမေတ္တာဆရာတော် ဒေါက်တာအရှင်ဝိသုဒ္ဓါစာရ (ပရဟိတဓရ)

မွေးသက္ကရာဇ် အမှန်

ဦးသန်းထိုက်၏သား အလက(၈) အင္ဂမတန်း Grade-9-A မှ မောင်အောင်ပြည့်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၁၉၉၈ ဖြစ်ပါကြောင်း။

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ တောင်ကုတ်နွယ်ဖွား ရန်ကုန်မြို့ရှိ ကျောင်းထိုင်ဆရာတော်အပါး ၆၀အား ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ နိုင်ငံတော်မှချီးမြှင့်သော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်) ၁၂-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်၍ အသက် ၈၀ နှင့်အထက်ရှိ အသင်းဝင်များနှင့်မိဘများ ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏သားသမီးများ အမည်စာရင်းများကို ၅-၈-၂၀၁၂ရက် မွန်းတည့်၁၂နာရီနောက်ဆုံးထား၍ နာယကဦးမြင့်အောင် ဖုန်း-၇၂၃၈၄၉၊ ဦးစံတင် ဖုန်း-၇၀၉၂၁၈၊ ဥက္ကဋ္ဌ ဦးထွန်းသိန်း ဖုန်း-၅၈၁၄၄၇၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းရွှေ ဖုန်း-၀၉-၄၄၈၀၂၅၄၄၆၊ ဦးအောင်သာထွန်း ဖုန်း-၀၉-၄၉၅၈၅၀၄၄၊ အတွင်းရေးမှူး ဦးသန်းရွှေ ဖုန်း-၀၉-၇၃၀၂၄၁၉၄တို့သို့ အချိန်မီစာရင်းပေးသွင်းကြပါရန်နှင့် အလှူပွဲသို့ကြွရောက်လာသော ပင့်သံဃာများ၊ ကျောင်းရှိသံဃာတော်များနှင့် ဧည့်ပရိသတ်များအား ဆွမ်းအလှူရှင် ဦးခင်မောင်ဝင်း၊ ဒေါ်ချိုချိုသန်း (သရဖူအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ အမှတ် ၃၄/၈၊ စော်ဘွားကြီးကုန်းမိသားစုက နံနက်စာဆွမ်း၊ ထမင်း၊ ဟင်း၊ ရေခဲမုန့်တို့နှင့် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)

စံရာအောင်မြေ ပဲနွယ်ကုန်းမဟာစည်ရိပ်သာ
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ နှင့် ဝါတွင်းဥပုသ်တရားပွဲ

စံရာအောင်မြေ ပဲနွယ်ကုန်းမဟာစည်ရိပ်သာ ပဓာနနာယက ပဲနွယ်ကုန်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ (မဟာကမ္မဋ္ဌာနာစရိယ) အမှူးပြုသောဝါဆိုသံဃာတော်များအား ပဥ္စမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၇၄-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက် ၁၂. ၈. ၂၀၁၂ (တနင်္ဂနွေနေ့) နေ့ (၂း၀၀)နာရီတိတိအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် (၃၀၀၀-ကျပ်) ဖြင့် ကိုယ်တိုင်ဆက်ကပ်လှူဒါန်းနိုင်မည်ဖြစ်ပြီး ဝါတွင်းဥပုသ်နေ့တိုင်း နံနက် (၉ း၀၀)နာရီ နှင့်နေ့ (၂ း၀၀)နာရီအချိန်တို့၌ ဓမ္မကထိကဆရာတော်များမှ တရားဓမ္မဒေသနာတော်များ ဟောကြားချီးမြှင့်မည် ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
စံရာအောင်မြေပဲနွယ်ကုန်းမဟာစည်ရိပ်သာ

Junction Cineplex

၂၈-၇-၂၀၁၂ ထုတ် စတင်ပြသမည့် ရုပ်ရှင်ကားများ

Junction Nay Pyi Taw Ph - 067 421 615	Junction Maw Tin Ph - 225 244	Junction Square Ph - 527 055
၁၀ း၃၀	၁၀ း၃၀	၁၀ း၃၀
၁ း၃၀	၁ း၃၀	၁ း၃၀
၄ း၃၀	၄ း၃၀	၄ း၃၀
၇ း၃၀	၇ း၃၀	၇ း၃၀

တစ်ပတ်စာကြိုတင် Booking ☎ - 01 527 055

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင် အလျားပေ ၁၄၀၊ အနံပေ ၄၄၀ စုစုပေါင်း ပေ ၅၈၀အား ကွန်ကရစ်တိုင်သံဆူးကြိုးဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၇-၂၀၁၂ရက်မှ ၁-၈-၂၀၁၂ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၃-၈-၂၀၁၂ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအထိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ဖုန်း-၀၄၃-၂၃၀၆၈ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရေးချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
ရခိုင်ပြည်နယ်၊ စစ်တွေမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၃ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-
- (က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
- (ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
- (ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
- (ဃ) သင်ခန်းစာပို့ချချက်စီဒီ၊ ဗွီစီဒီများကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၃၁-၇-၂၀၁၂ရက် (သောကြာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

တာဝန်ခံပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

၃။ ဈေးနှုန်းလွှာများကို ၁၃-၈-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာ တင်ပြရမည်။

၅။ ထုတ်ဝေမည့် နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။
- (က) ရန်ကုန်အဝေးသင်တက္ကသိုလ်
- (ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာ
ပို့ချချက်စီဒီ၊ ဗွီစီဒီများထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်)

ဤအသင်းကြီး၏ နှစ်ပတ်လည်အစည်းအဝေးကြီးကို ၂၀၁၂ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် ကျင်းပရန်စီစဉ်ထားပါသည်။ နှစ်ပတ်လည်အစည်းအဝေးကြီးတွင် ၂၀၁၃နှင့် ၂၀၁၄ခုနှစ်များအတွက် အမှုဆောင်အသစ်များ ရွေးချယ်တာဝန်ပေးရန်ရှိပါသည်။ အမှုဆောင်အဖြစ်တာဝန်ယူလိုသောအသင်းဝင်များရှိပါက မိမိတို့၏ဆန္ဒနှင့် အကြံပြုချက်များကို ၃၁-၈-၂၀၁၂ရက် နောက်ဆုံးထား၍ အသင်းတည်နေရာအမှတ် ၁၇၉၊ အောက်ကြည့်မြင်တိုင်လမ်း(ဒုတိယထပ်)၊ အလုံစာတိုက်အနီး၊ အလုံမြို့နယ်၊ ဖုန်း-၂၁၁၂၆၇၊ ၀၉-၄၂၀၀၁၂၇၈၈နှင့် ၀၉-၅၀၀၀၄၂၈ တို့သို့ စုံစမ်းဆက်သွယ်နိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၁၈၀၄၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမောင်မောင်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးမောင်မောင်က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းရွှေ ၁၂/လသန(နိုင်)၀၁၁၃၁၄
အမှတ် ၁၆၂/၁၆၄၊ ၄၇လမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၅-၈-၂၀၁၂ရက် နံနက် ၈နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ် ၅၇၊ ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံကြီး၌လည်းကောင်း၊ ၁၂-၈-၂၀၁၂ရက်တွင် ဒေးဒရဲမြို့၊ မင်္ဂလာကန်ကျောင်း၌လည်းကောင်း ပြုလုပ်မည်ဖြစ်ပါ၍ အသင်းသား အသင်းသူများကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လိုပါက -
ဦးမျိုးလွင် ဖုန်း-၀၁-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၁၃၆၇၉၈၊ ဒေါ်ခင်စောလှ ဖုန်း-၀၉-၅၁၂၈၄၆၂၊ ဒေါ်ခင်ရီ ဖုန်း-၀၉-၅၀၁၆၃၉၆

အလုပ်အမှုဆောင်အဖွဲ့

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူမည်

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၇၄ခုနှစ် ဝါခေါင်လဆန်း ၁ရက်) ၁၈-၈-၂၀၁၂ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ၂၁/၄၃စီ၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရေဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်းပူဇော်ကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဦးမောင်ညိမ်း ဖုန်း-၀၉-၅၀၀၉၁၇၈၊ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ ဦးသိန်းလွင် ဖုန်း-၀၉-၄၉၂၄၁၁၇၈၊ ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅၊ ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ဓမ္မိက-ပညာရေးဖောင်ဒေးရှင်းပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အောင်သာဝတီစာသင်တိုက် စာချဆရာတော်ဦးဓမ္မိက(ထားဝယ်)သည် ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများကို ၁၉၉၄-၁၉၉၅ ပညာသင်နှစ်မှစ၍ ထောက်ပံ့လျက်ရှိရာ ပညာရေးထောက်ပံ့လိုသော စေတနာရှင်များသည် အချိန်အခါမရွေး အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (၁) ဦးဓမ္မိက(စာချ) အောင်သာဝတီစာသင်တိုက်၊ သန္တာလမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ဖုန်း-၀၉-၄၉၂၆၀၉၁၀၊ (၂) မောင်မင်းသီဟဇော် သုဓမ္မာလမ်းမကြီး၊ သမဆိုင်ခန်း Castel Game and Computer၊ ကန်သာလမ်းပန်းခြံရှေ့၊ မြောက်ဥက္ကလာပ၊ ဖုန်း-၀၁-၇၀၅၂၀၀၊ ၀၉-၄၃၁၄၂၀၂၀

လက်ရှိထောက်ပံ့ထားသောကျောင်းသူများ

၁။ မအိအိဖြူ(ဈေးရောင်း)-ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ၂။ မဆုမာစိုး ထားဝယ်တက္ကသိုလ်၊ ၃။ မဝါဝါစိုး နဝမတန်း အထက-ခွဲ၊ မောင်မယ်ရှောင်၊ ထားဝယ်၊ ၄။ မကေသရီ ဆဋ္ဌမတန်း(မူလွန်ဇယာ-ထားဝယ်)

လိုအပ်နေရာ၊ လိုအပ်တာ၊ လှူပါမြတ်ဒါန

ဓာတုအင်ဂျင်နီယာမိသားစု
စုစည်းတွေ့ဆုံပွဲနှင့် စာတမ်းဖတ်ပွဲ
ကျင်းပမည်

စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်အသီးသီးမှ ဓာတုအင်ဂျင်နီယာဘာသာရပ်ဖြင့် ၁၉၆၆ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း အောင်မြင်ခဲ့ကြသော ဓာတုအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများ စုစည်းတွေ့ဆုံပွဲနှင့် စာတမ်းဖတ်ပွဲကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဓာတုအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများအားလုံး အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များစာရင်း

ဒေါ်ခင်ဆွေအေး	အမှတ် ၁၄-ခ၊ ဝေဠုဝန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၅၀၁၆၇၄၊ ၀၉-၅၀၁၅၄၇၅
ဦးစိန်သောင်းဦး	အမှတ် ၁၁၅၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်၊ ဖုန်း-၀၁-၆၈၅၅၇၁၊ ၀၉-၅၁၂၂၄၈
ဦးခင်မောင်ဝင်း	အမှတ် ၁၅၊သုမင်္ဂလာ ၁လမ်း၊သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်၊ ဖုန်း-၀၁-၅၆၄၅၄၇၊၀၉-၅၀၀၇၅၆၀၊၀၉-၈၆၁၉၁၉၁
ဦးသင်မောင်မြင့်	အမှတ် ၂၁၈၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၂၂၆၆၄၆၊ ၀၉-၅၁၄၀၆၈
ဒေါ်သီတာနွယ်	ဓာတုအင်ဂျင်နီယာဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်) ရန်ကုန်၊ ဖုန်း-၀၉-၅၁၃၅၈၈၂
ဒေါ်မူမူအေး	ဓာတုအင်ဂျင်နီယာဌာန၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ဖုန်း-၀၉-၅၀၂၈၁၈၉
ဦးဇော်လေးဝင်း	ဓာတုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)၊ ဖုန်း-၀၉-၅၀၄၇၂၉၉

ဓာတုအင်ဂျင်နီယာမိသားစု စုစည်းတွေ့ဆုံပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီများ၏ ပုံမှန်အစည်းအဝေးများကို လစဉ် နောက်ဆုံးသီတင်းပတ်၏ တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ပါ၍ ယခင် ၃၀-၆-၂၀၁၂ရက်တွေ့ဆုံပွဲသို့ ကြွရောက်ခဲ့ကြသော အဖွဲ့ဝင်များနှင့် အတန်းကိုယ်စားလှယ်များ ၂၉-၇-၂၀၁၂ရက် နံနက် ၈း၃၀နာရီတွင် ကုန်းမြင့်သာခန်းမသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဓာတုအင်ဂျင်နီယာမိသားစု စုစည်းတွေ့ဆုံပွဲနှင့်
စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ စက်မှု ၁၊ ၄၂ လမ်းနေ ဦးကံဝင်း ၅/မရန(နိုင်)၀၄၂၂၅၆နှင့် ဒေါ်ဝမ်းမာ ၅/မရန(နိုင်)၀၄၂၈၅၄တို့၏သမီးကြီး မအိအိမွန်ဝင်း(ခ)မအိမွန် ၅/မရန(နိုင်)၁၆၂၄၁၉သည် မိခင်ကြီးအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိခင်၏ဆိုဆုံးမမှုကို စိတ်မချမ်းသာအောင်ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်ငွေနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်ဝမ်းမာ

မိဘမေတ္တာ ဓမ္မဗိမာန်တော်ကြီး အလှူရှင်များ
ဝမ်းမြောက်ဖွယ်

မိဘမေတ္တာ သုံးထပ်ဓမ္မဗိမာန်တော်ကြီးတွင် လှူဒါန်းပြီး၍ မိဘကျေးဇူးဆပ်ခဲ့ကြသော အလှူရှင်အပေါင်းတို့

